

မြန်မာ့အသံထွက်နှင့် အဓိပ္ပါယ်အပြည့်အစုံပါသော

# အခြေခံ
# မွန်စကားမွန်စာသင်ကြားနည်း

ပြုစုသူ
နိုင်မောင်တိုး [ B.A; Dip.Lib; R.L; ]

www.monlibrary.com

မြန်မာအသံထွက်နှင့်

အဓိပ္ပါယ် အပြည့်အစုံပါသော

# အခြေခံ
# မွန်စကားမွန်စာသင်ကြားနည်း

ပြုစုသူ

နိုင်မောင်တိုး ( B.A; Dip.Lib; R.L )

www.monlibrary.com

www.monlibrary.com

မြန်မာအသံထွက်နှင့်

အဓိပ္ပါယ် အပြည့်အစုံပါသော

အခြေခံ

# မွန်စကားမွန်စာသင်ကြားနည်း



ပြုစုသူ

နိုင်မောင်တိုး ( B.A; Dip.Lib; R.L )

www.monlibrary.com

www.monlibrary.com



# ပုံနှိပ်မှတ်တမ်း


✦ စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၃၂၀၁၀၇

✦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၇၆၀၅၀၇

✦ ဒုတိယအကြိမ် - ၂၀၀၇ ခုနှစ်၊ ဇွန်လ

✦ အုပ်ရေ - ၅၀၀

✦ တန်ဖိုး - [redacted]

✦ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုး[redacted]အောင်
ကျုံမငေးပုံနှိပ်တိုက် ( မြ - ၀၇၃၄၂ )
အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅

✦ မျက်နှာဖုံးဒီဇိုင်း - "ကောင်းမွန်" (မခိုင်)၊ ☎ : ၃၈၉၀၂၃

✦ ပြုစုသူ - နိုင်မောင်တိုး

✦ စာအုပ်အမည် - မြန်မာအသံထွက်နှင့် အဓိပ္ပာယ်အပြည့်အစုံပါသော
အခြေခံမွန်စကား မွန်စာသင်ကြားနည်း

✦ ထုတ်ဝေသူ - ဦးကျော်ဟင်း ( ယုံကြည်ချက်စာပေ )
အမှတ် (၁၁၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။


www.monlibrary.com

www.monlibrary.com



# ကျမ်းဦးစကား

စာရေးသူသည် မွန်စာကို ဘုန်းကြီးကျောင်းတွင် မသင်ခဲ့ဘူးပါ။ မူလတန်းကျောင်းမွန်စာကို အပိုဘာသာဖြင့် ဒုတိယတန်းမှ စတုတ္ထတန်းအထိသာ သင်ကြားခဲ့ဘူးပါသည်။ နောက်ပိုင်းတွင် မွန်စာနှင့် အဆက်ပြတ်ပြီး တက္ကသိုလ်ဝင်တန်း (၁၀ တန်း) တွင် အ. ထ. က (၁၂) ယခင်ရာမည မွန်အမျိုးသားအထက်တန်းကျောင်း မော်လမြိုင်တွင် အနည်းငယ်သင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါမှသာ တက္ကသိုလ်များမွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ မွန်စာပေသင်တန်းမှ ဒေါက်တာမင်းတင်မွန် (ဌာနမှူး၊ ဓာတုဗေဒဌာန၊ ပညာရေးတက္ကသိုလ်)၊ ဆရာဒေါက်တာနိုင်ပန်းလှ (ဌာနမှူး ကမ္ဘည်းကျောက်စာဌာန၊ ရှေးဟောင်း သုတေသနဦးစီးဌာန)၊ နိုင်ထွန်းရွှေ (လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) တို့၏ ကျေးဇူးကြောင့် ယခုမွန်စာသာမက မွန်ကျောက်စာ အတော်များများကိုပင် ဖတ်တတ်နိုင်သော အဆင့်သို့ ရောက်ခဲ့သည်။

စာရေးသူသည် တက္ကသိုလ်ရောက်စဉ်က ကံအားလျော်စွာပင် မွန်-မြန်မာ စာပေပြန့်ပွားရေးအသင်းမှ (၁၉၅၇) ခုနှစ်တွင် ထုတ်ဝေခဲ့သော အရှင်ဝါယမ၏ မွန်ဘာသာသင်ကြားနည်းစာအုပ်ကို စျေးရင်းအတိုင်း ငါးကျပ်နှင့်ပင် ဝယ်ပြီးလေ့လာခဲ့ပါသည်။ ဆရာတော်၏ ကျေးဇူးသည် ကြီးမားလှပါသည်။ သို့သော် ယခုအခါ ဆရာတော်သည် ရေးနိုင်အား ကောင်းသောအရွယ်မှာပင် ပျံလွန်တော်မူသဖြင့် မွန်-မြန်မာစာပေမြတ်နိုးသူ တစ်ရပ်လုံးအတွက် နှမြောသတရပါသည်။ ဆရာတော်၏ စာအုပ်သည်လည်း ရှားရှားပါးပါးဖြစ်ခဲ့ရသည်။ ရပြန်သော်လည်း မူရင်းစာအုပ်၏ (၆) ဆအထိပေးနေရပါသည်။ R.Holliday ၏ Mon English Dictionary သည်လည်း စာရေးသူအတွက် များစွာ အကျိုးပြုခဲ့သည်။

စာရေးသူသည် ကိုယ်တွေ့မွန်စာတတ်လာပုံ တတ်လာမှုအချို့ကို ပြန်လည်သုံးသပ်ပြီး၊ ဘာသာခြားသင်ကြားမှုတွင် လွယ်ကူစေသော နည်းစနစ်သစ်များနှင့်ဖြည့်စွက်ကာ ဤစာအုပ်ကို ရေးသားထားခြင်းဖြစ်သည်။ ယခုပညာရေးစနစ်တွင် ဘာသာခြား၊ အထူးသဖြင့် အင်္ဂလိပ်စာကို သင်ကြားသောစနစ်သည် ယခင်ကဲ့သို့မဟုတ်တော့ပါ။ ပညာသင်ကြားမှုနည်းစနစ်မှာ ပြောင်းလဲလာ

www.monlibrary.com



ပါသည်။ စာရေးသူသည် အင်္ဂလိပ်ဘာသာသင်ကြားနည်းစနစ်များကိုမှီးပြီး ဤစာအုပ်ကို ပြုစုထား ပါသည်။ ဤနည်းစနစ်သစ်အားဖြင့် လေ့လာသူများအတွက် ဖတ်၍နားလည်နိုင်စွမ်းနှင့် နားလည်၍ ရေးသားနိုင်စွမ်းကို အသုံးပြုထားခြင်းဖြစ်သည်။ လွယ်ရာမှ တဖြေးဖြေးခက်ရာသို့လည်းကောင်း၊ ခက်ရာမှတဖြေးဖြေးလေးနက်ရာသို့လည်းကောင်း ဆက်၍လေ့လာစေသောနည်းစနစ်ဖြစ်ပါသည်။ ဤနည်းစနစ်များကို စာရေးသူသည် အစွမ်းကုန်ကြိုးပမ်းထားပါသည်။

ဤစာအုပ်သည် မွန်စာဖတ်တတ်ရေးတတ်ပြီး၊ ကောင်းစွာနားလည်သော့သူများအတွက် မရည်ရွယ်ပါ။ မြန်မာစာတတ်သော တိုင်းရင်းသားအားလုံးအတွက် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ မြန်မာစာပင် မတတ်သောသူများအတွက် ဤစာအုပ်လည်း အားကိုး၍မရပါ။ ဤစာအုပ်သည် မြန်မာစာတတ်သူအတွက် လေ့လာရန်ရည်ရွယ်သည့်မှာလည်း အမျိုးမျိုးရှိပြန်သည်။ မြန်မာစာနှင့် မြန်မာစကားတတ်သော တိုင်းရင်းသားများ၊ မြန်မာစာလည်းတတ်၊ မြန်မာစကားလည်းတတ်ပြီး မွန်စကားပါတတ်သော မွန်လူမျိုးများအတွက်လည်း ရည်ရွယ်ပါသည်။ ဤတွင် မွန်လူမျိုးထဲတွင်ပင် မွန်စကားတတ်ပြီး မွန်စာမတတ်ဘဲ မြန်မာစာသာတတ်သော မွန်များသည်၊ မွန်စာရော စကားပါ တတ်သူများထက် အရေအတွက်များမည်ဟု ယူဆရပါသည်။ ထို့ကြောင့် ဤစာအုပ်သည် မွန်စကား တတ်ပြီး မွန်စာမတတ်သော မွန်များအတွက်လည်းကောင်း၊ မြန်မာစာတစ်ခုတည်းသာတတ်သော တိုင်းရင်းသားများအတွက်လည်းကောင်း အထူးရည်ရွယ်ပြီး ပြုစုထားခြင်းဖြစ်သည်။

ဤသို့ ရည်ရွယ်ချက်ထမြောက်စေရန်လည်း ဤစာအုပ်တွင် အသံထွက်ကို မြန်မာဘာသာ ဖြင့် အနီးစပ်ဆုံး အပြည့်အစုံ ပေးထားခြင်းနှင့် အဓိပ္ပါယ်ကို မြန်မာဘာသာဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ ပြည်ထောင်စုဘွား တိုင်းရင်းသားအပေါင်းတို့သည် နိုင်ငံရပ်ခြားဘာသာစကား ဖြစ်သည့် အင်္ဂလိပ်စာ၊ ဂျပန်စာ စသည့်ဘာသာရပ်များကို တတ်အောင်သင်နိုင်သေးလျှင် တစ်မြေ တည်းနေ တစ်ရေတည်းသောက်ကြသောတိုင်းရင်းသားညီရင်းအစ်ကိုများဖြစ်ကြသော မွန်လူမျိုးတို့၏ မွန်စာပေကို တတ်ရန်မှာမခဲရင်းလှပါ။ မလေ့လာ၍သာနေရမည်။ မတတ်မြောက်၍ကား မရှိပါ။

လေ့လာသူများတတ်မြောက်မှုလွယ်ကူစေရန်အတွက်လည်းကောင်း၊ တတ်မြောက်မှုလျင်မြန် စေရေးအတွက်လည်းကောင်း သင်ခန်းစာအစတွင် ဤသင်ခန်းစာ၏သဘောသည် မြန်မာစာပေ၏ သဘောနှင့် မည်သို့ရှိသည်ကိုယှဉ်ပြီး ရှင်းပြထားသည်။ ထို့ပြင် ဤသင်ခန်းစာအတွက် မွန်စာ၏ သဘောသဘာဝကိုလည်းရှင်းပြပါသည်။ ထို့ပြင်ဝေါဟာရစကားလုံးတစ်လုံးချင်းအတွက် အသံထွက်ပုံ



www.monlibrary.com

www.monlibrary.com



နှင့်တကွ မြန်မာအဓိပ္ပါယ်၊ စကားလုံးနှစ်လုံး၊ သုံးလုံး၊ စကားစုတို့၏ အဓိပ္ပါယ်၊ နောက်ဥပမာပေးဝါကျများဖြင့် ဖွဲ့စည်းကာ အဆင့်ဆင့်အသံထွက်နှင့်တကွ ဖော်ပြထားပါသည်။ ထို့ပြင် လေ့ကျင့်ခန်း၌လည်း ဆင်တူရိုးမှားဝေါဟာရများကို မှန်အောင်ရွေးပေးခြင်း၊ ဝေါဟာရကြွယ်ဝမှုကိုစမ်းသပ်ခြင်း၊ စာတစ်ပိုဒ်ပေးထားပြီး ဖတ်စေကာ ကောင်းစွာနားလည်မှုရှိမရှိကို မေးခွန်းဖြင့်မေးထားခြင်း၊ နောက်အဆက်အစပ်ရှိသောမေးခွန်းကို ဖြေစေပြီး အဖြေကိုဆက်ခြင်းအားဖြင့် စာတစ်ပိုဒ်ဖြစ်သွားခြင်း။ ဤအတွက် ဝေါဟာရစကားလုံးများသည် အသစ်အဆန်းများမပါပါ။ သင်ကြားလေ့လာခဲ့ပြီးသောစကားလုံးများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဝေါဟာရများကို ရှာဖွေရာ၌လည်း အက္ခရာစဉ်အားဖြင့်၎င်း၊ သင်ကြားမှုနည်းစနစ်အားဖြင့်၎င်း၊ စီစဉ်ထားသောကြောင့် လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်သည်။

ဤသို့စာရေးသူ ကိုယ်တွေ့လေ့လာမှုအရလည်းကောင်း၊ နည်းစနစ်အသစ်များဖြင့်လည်းကောင်း ဖြည့်စွက်ပြီး အလုံးစုံကြိုးစားပြီး ပြုစုထားပါသည်။ ဤသို့ ပြုစုထားပါလျက် လေ့လာသူများသည် အစွမ်းကုန်ကြိုးစားပြီး ဝီရိယအားထုတ်သော်လည်း လွယ်ကူစွာ မတတ်မြောက်ခြင်း၊ သို့မဟုတ် လုံးဝ မတတ်မြောက်ခြင်းဖြစ်ခဲ့သော် စာရေးသူ၏ ကြိုးပမ်းမှုသည် လိုသေးသည်ဟု ရိုးသားစွာ ဝန်ခံရပါမည်။ ဤစာအုပ်နှင့်ပတ်သက်သော ချို့ယွင်းချက်များလည်းကောင်း ဟာကွက်များလည်းကောင်း လိုအပ်ချက်များကိုလည်းကောင်း အကြံဉာဏ်များကို ပေးပို့ကြမည်ဆိုလျှင် စာရေးသူသည် လေးစားစွာခံယူလျက် မှတ်တမ်းတင်ပါမည်။ နောင်တွင်လည်း ကောင်းမွန်ပြည့်စုံသည်ထက် ပြည့်စုံအောင် စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ကျမ်းဦးစကားဆိုရပါသည်။

နိုင်မောင်တိုး

(ဝိဇ္ဇာဘွဲ့၊ စာကြည့်တိုက်ပညာဒီပလိုမာ၊ မှတ်ပုံတင်ရွှေ့နေ)



www.monlibrary.com

www.monlibrary.com



## လေ့လာမှုနည်းစနစ်များ

ဤစာအုပ်သည် ကျမ်းဦးစကားတွင် ဆိုထားခဲ့သည့်အတိုင်း မြန်မာစာတတ်သော တိုင်းရင်းသားအတွက် ရည်ရွယ်ပြီး ပြုစုထားခြင်းဖြစ်သည်။ မိခင်ဘာသာမဟုတ်သော တခြားဘာသာခြားတစ်ခုကို သင်ကြားရာ၌ ခက်ခဲမည်မှာအမှန်ဖြစ်သည်။ သို့သော် ဘာသာစကားစာပေကို လိုချင်သော စိတ်ဆန္ဒနှင့် လေ့ကျင့်သောလုံ့လဥဿဟတို့ပေါင်းစည်းမှုကြောင့် မည်သို့ပင်ခက်ခဲပါစေ တတ်မြောက်မည်မှာ အမှန်ပါ။ ဤစာအုပ်သည် ဘာသာခြားသင်ကြားသူများအတွက် ပိုမို၍ လွယ်ကူစွာနားလည်ရန် စီစဉ်ပြုစုထားခြင်းဖြစ်သည်။

လွယ်ရာမှ ခက်ရာသို့လည်းကောင်း၊ ခက်ရာမှ လေးနက်ရာသို့လည်းကောင်း ဤဆောင်ပုဒ်နှင့်အညီ သင်ခန်းစာတစ်ခုတိုင်း တစ်ခုတိုင်း၏အစ၌ ဤသင်ခန်းစာ၏ သဘောနှင့်ပတ်သက်သော ရှင်းလင်းချက်ကို ဖော်ပြထားသည်။ နောက်မြန်မာစာ၌ တွေ့ရသော သဘောသဘာဝကိုပြဆိုပြီး မြန်မာစာနှင့်ယှဉ်ပြီး မွန်စာ၏ ဤသင်ခန်းစာသဘောကိုပြသွားသည်။ နောက်ဤသင်ခန်းစာတွင် မွန်စာ၏ သဘောသဘာဝကိုသီးခြားပြဆိုသွားသည်။ နောက်ဝေါဟာရ ကြွယ်ဝစေရန် စာတစ်လုံးချင်း ဝေါဟာရ၊ စာနှစ်လုံးတွဲဝေါဟာရ၊ စကားစုဝေါဟာရ တို့ကို ပြုစုထားသည်။ နောက်လေ့ကျင့်ခန်းများပေးထားသည်။ ဤလေ့ကျင့်ခန်းများတွင်လည်း တစ်ဖြေးဖြေးလွယ်ရာမှခက်ရာသို့ လေ့ကျင့်သွားစေသည်။ ဤသို့ဖြင့် သင်ခန်းစာတစ်ပုဒ်ကို ပြီးမြောက်စေသည်။ ထိုနည်းရင်းပင် ဤစာအုပ်တစ်အုပ်လုံးကို ခြုံ၍ကြည့်လျှင်လည်း တစ်ဖြေးဖြေးလွယ်သော သင်ခန်းစာမှ တဖြေးဖြေးခက်သောသင်ခန်းစာသို့ မသိမသာပြောင်းလဲသွားစေသည်။ နောက်ဆုံးတွင် မွန်စာ၏ လေးနက်မှုအရသာကို ခံစားသွားစေရပါသည်။

## မွန်သင်ပုန်းကြီး၏ အခြေခံတည်ဆောက်ပုံ

မွန်သင်ပုန်းကြီး၏ အခြေခံတည်ဆောက်မှုနှင့်ပတ်သက်၍ ရှေးဦးစွာ တင်ပြရသော် မွန်စာတွင် သရ (၁၂) လုံးရှိသည်။ ၎င်းတို့မှာ အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အဴ၊ အံ၊ အး ဟူ၍လည်းကောင်း ဗျည်းတွင် မြန်မာသင်ပုန်းကြီးတွင်မရှိသော ၜ နှင့် ၝ အပါအဝင် က မှ ၝ ထိ (၃၅) လုံးရှိပါသည်။ ထို့နောက် အဆွဲဗျည်း (သို့မဟုတ်) ဗျည်းဆွဲ (၁၁) လုံးပါရှိသည်။ ယင်းတို့မှာ ၚ၊ ည၊ ဏ၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဟ၊ ၜ တို့ဖြစ်သည်။ ထို့နောက် အသတ် (၁၀) ပါးဖြင့် အဆုံးသတ်သည် ယင်းအသတ်များမှာ ကသတ်၊ ငသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ်၊ ဝသတ်၊ ဟသတ်၊ အသတ်တို့ဖြစ်သည်။

www.monlibrary.com



## အသံထွက်ပုံစနစ်

ဤစာအုပ်၏ ရည်ရွယ်ချက်သည် မြန်မာစာတတ်သောသူများအတွက်ဖြစ်၍ မွန်အသံထွက် အပြည့်အစုံကို မြန်မာစာဖြင့် ဖော်ပြထားပါသည်။ ဤတွင် စာရေးသူအမြင်ဖြင့် တင်ပြလိုသည်မှာ မွန်အသံထွက်ကို မြန်မာစာဖြင့်ရေးသားရသည်မှာ မွန်အသံထွက်အစစ်အမှန်ကို မရနိုင်ပါ။ မွန်အသံထွက်ကို မြန်မာစာဖြင့် ရေးသားရသောကြောင့် မွန်အသံထွက် အနီးစပ်ဆုံးသာ ရနိုင်သည်။ ဤသည်မှာလည်း ဘာသာတခု၏ အသံထွက်ကို တခြားဘာသာတခု၏ စာဖြင့်ရေးရသည်မှာ နီးစပ်မှုသာရှိသည်။ အစစ်အမှန်မရရှိကြောင်းမှာ သဘာဝကျပါသည်။

ဤစာအုပ်တွင် မွန်စာဓာတ်လုံးချင်း၏ အသံထွက်ကို မွန်စာနှင့်ယှဉ်ပြီး မြန်မာစာနှင့် အသံထွက်ပေးထားခြင်းဖြစ်သည်။ တချို့နေရာ၌ ဇယားဖြင့် ဖော်ပြထားပါသည်။ ၎င်းတို့နှင့် သက်ဆိုင်သော သဒ္ဒါနမ်းစာများတွင်ညွှန်ကြားသည့်အတိုင်း လိုက်နာပြီး သင်ကြားခြင်းဖြင့် တတ်မြောက်နိုင်သည်။ အတန်တန်လေ့ကျင့်မှုလည်း ပို၍ပိုပြင်လာနိုင်မည်။ မွန်စာတွေ့တိုင်း ၎င်းနှင့်ယှဉ်သော အသံထွက်များကို ပေးထားပါသည်။ ထို့ကြောင့် သဒ္ဒါနမ်းစာ၏ အစရှင်းပြချက်တွင်၎င်း၊ အက္ခရာ တစ်လုံးတည်းဝေါဟာရ၊ နှစ်လုံးတွဲဝေါဟာရ၊ စကားစုဝေါဟာရ၊ ဝါကျဖွဲ့စည်းမှုတွင်ပင် အသံထွက် အပြည့်အစုံ ပေးထားပါသည်။ သို့သော် လေ့ကျင့်ခန်းတွင်မူ အသံထွက် ပေးမထားပါ။ အဘယ် ကြောင့်ဆိုသော် လေ့ကျင့်ခန်းတွင် သုံးထားသော စကားလုံးများ၊ ဖြေရမည့်စကားလုံးများသည် သင်ကြားသိရှိပြီးသား စကားလုံးများ ဖြစ်သောကြောင့်တည်း။ တခါတရံ စကားစုဝါကျနှင့် စကား အသွားအလာကိုကြည့်ပြီး အသံထွက်သည်လည်း ပြောင်းလဲသွားသည်။ အသံထွက်ကို ပုံသေကား ချမှတ်၍မရပေ။ ဤသို့လိုက်သော အသံထွက်သည် သိပ်မများပါ။

## ဝေါဟာရသင်ခန်းစာ

ဤစာအုပ်တွင် ပိုမို၍လွယ်ကူစွာ နားလည်စေရေးကို ဦးတည်ထားသည့်အလျောက် သဒ္ဒါနမ်းစာ၏ သဘောသဘာဝကို ရှင်းပြပြီးနောက် ဤသဒ္ဒါနမ်းစာနှင့် ပတ်သက်သော ဝေါဟာရများကို ကြွယ်စေရန် လိုပေသည်။ ထို့ကြောင့် ဤသဒ္ဒါနမ်းစာနှင့် ပတ်သက်သော အက္ခရာဝေါဟာရများကို ပေးရာ၌ နှစ်ပိုင်းပေးထားပါသည်။ တစ်ပိုင်းမှာ ရိုးရိုးသရပိုင်း သဒ္ဒါနမ်းစာဖြစ်ပြီး၊ ကျန်တစ်ပိုင်းမှာ ယှဉ်ဗျည်း (ဆွဲဗျည်း) ဖြင့် သဒ္ဒါနမ်းစာတစ်ပိုင်းဖြစ်သည်။ ဤသို့အဘယ်ကြောင့် နှစ်ပိုင်းခွဲခြားရသနည်း ဆိုသော် မွန်ဘာသာတွင် ဆွဲဗျည်းသည် အရေးကြီးသည် အလွန်လည်း အသုံးများသောကြောင့် နှစ်ပိုင်း ခွဲခြားရခြင်းဖြစ်သည်။ ထို့ကြောင့် ပထမပိုင်းဖြစ်သော သရဖြင့်သာ စကားလုံးတစ်လုံးချင်း ဝေါဟာရ၊ နှစ်လုံးတွဲဝေါဟာရ၊ စကားစုများ၏ အဓိပ္ပါယ်ကို ပေးထားပါသည်။ နောက်ယှဉ်ဗျည်းနှင့် တွဲသောသရ၏ ဖြစ်ပေါ်လာသော ဝေါဟာရတစ်လုံးချင်းအဓိပ္ပါယ်၊ နှစ်လုံးတွဲဝေါဟာရ၏အဓိပ္ပါယ်

www.monlibrary.com



စကားစုများ၏ အဓိပ္ပါယ်ကို ပေးထားပါသည်။ နောက်ယှဉ်ဗျည်းနှင့် တွဲသောအခါ ဖြစ်ပေါ်လာသော ဝေါဟာရတစ်လုံးချင်း၏ အဓိပ္ပါယ်၊ နှစ်လုံးတွဲဝေါဟာရ၏ အဓိပ္ပါယ်၊ စကားစုများ၏ အဓိပ္ပါယ်ကို ပေးထားခြင်းဖြစ်သည်။ ဤသို့ အပိုင်းနှစ်ပိုင်းခွဲပြီး ဝေါဟာရအဓိပ္ပါယ် စုံစုံလင်လင် ပေးထားပြီးမှ ဝါကျဆောက်တည်ပုံသင်ခန်းစာကို ပေးထားခြင်းဖြစ်သည်။

## ဝါကျတည်ဆောက်ခြင်း

ဤသို့သင်ခန်းစာတစ်ခုတွင် ဝေါဟာရအဓိပ္ပါယ် စုံစုံလင်လင်ပေးထားပြီးနောက် ထိုဝေါဟာရ စကားလုံးတို့ကို အခြေခံပြီး ဝါကျဖွဲ့စည်းမှု ဥပမာပေးထားခြင်းဖြစ်သည်။ ဤဥပမာပေးဝါကျများကို များများပေးထားပါသည်။ ဤသို့ပေးထားခြင်းဖြင့် ဖတ်သွားရုံမျှနှင့် လေ့ကျင့်မှုရသွားပြီးဖြစ်သည်။ စကားလုံးတစ်လုံးနှင့်တစ်လုံး ဆက်စပ်မှုကိုငင်း၊ အနေအထားကိုငင်း၊ သိသာထင်ရှားသွားနိုင်ပါသည်။ ဤဝါကျဖွဲ့စည်းမှုတွင်ရှိသော စကားလုံးများ၊ ဝေါဟာရများသည်လည်း အစိမ်းသက်သက်မဟုတ်ပါ။

ပြီးခဲ့သောသင်ခန်းစာများ၏ ဝေါဟာရများသာဖြစ်သည်။ တခါတရံဝါကျတွင် စကားစုအသစ်အဆန်းများကို တွေ့ရသည်။ အမှန်မှာ အသစ်အဆန်းမဟုတ်ပါ။ သိပြီးသား ဝေါဟာရတစ်လုံးစီတို့ကို စုပြီး ပေါ်ပြခြင်းသာဖြစ်သည်။ အသံထွက်နှင့် အဓိပ္ပါယ်ကိုလည်း ဝါကျဖွဲ့စည်းမှုနှင့်အတူ ထည့်ထားပြီးသားဖြစ်သည်။ ဤသို့ပြုစုခြင်းမှာလည်း ဝေါဟာရကြွယ်စေရန်အတွက်ငင်း၊ တကူတကန့် ကျက်မှတ်နေစရာမလိုဘဲ အလိုအလျောက် ဝါကျဖွဲ့ရင်း တတ်သွားရန်အတွက် ရည်ရွယ်ပါသည်။

ဝါကျဖွဲ့စည်းပုံမှာလည်း လွယ်ကူစေရန်အတွက် ဝေါဟာရသင်ခန်းစာမှ ဝေါဟာရအတိုင်း စီစဉ်၍ ဝါကျဖွဲ့စည်းထားခြင်းဖြစ်သည်။ တခါတရံဤသင်ခန်းစာနှင့် ပတ်သက်သောဝေါဟာရများ ဝါကျတခုတွင် တစ်လုံးတည်းပါနိုင်သည်၊ နှစ်လုံးလည်းပါနိုင်သည်။ သုံးလုံးလည်းပါနိုင်ရန် ကြိုးပမ်းထားပါသည်။ ဤသို့ဖြင့် ဝေါဟာရစကားလုံးများ စုံလင်သမျှ စုံလင်အောင် ဝါကျဖွဲ့စည်းထားပါသည်။ လေ့လာသူများအတွက် ဝေါဟာရအဓိပ္ပါယ်လည်းသိမည်။ ထိုဝေါဟာရနှင့်ပတ်သက်၍ ဝါကျတွင် မည်သို့သုံးထားသည်ကိုလည်း သိရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။

## လေ့ကျင့်ခန်းများ

ဤစာအုပ်၏ လေ့ကျင့်ခန်းတွင် ရည်ရွယ်သည်မှာ ဝေါဟာရများ ကြွယ်ဝမှုဆီလျော်သော ဝေါဟာရဖြင့် ဝါကျဖွဲ့စည်းပုံသာမက ဖတ်၍နားလည်နိုင်စွမ်းနှင့် နားလည်၍ ရေးသားနိုင်စွမ်းတို့ကို လေ့ကျင့်ခန်းဖြင့် ပေးထားပါသည်။ ဤသဘောမှာလည်း ဖတ်၍ နားလည်ရုံသာမက နားလည်၍ ရေးသားနိုင်ရန်လည်း ရည်ရွယ်ပါသည်။ ဤလေ့ကျင့်ခန်းသဘောမှာလည်း တဖြေးဖြေးလွယ်ရာမှ ခက်ရာသို့ လေ့ကျင့်ပေးသွားခြင်းဖြစ်သည်။



www.monlibrary.com

www.monlibrary.com



ထို့ကြောင့် လေ့ကျင့်ခန်း (၁) တွင် မှန်ကန်သောဝေါဟာရတို့ကိုရွေးပေးစေခြင်းဖြင့် ဝေါဟာရနှင့်ပတ်သက်၍ မည်မျှနားလည်ကြောင်းကို စမ်းသပ်ခြင်းပင်ဖြစ်သည်။ လေ့ကျင့်ခန်း (၂) မှာ ဝေါဟာရတို့ ထပ်ဖြည့်စေခြင်းဖြစ်သည်။ ဤသခ်န်းစာနှင့်ပတ်သက်၍ ဝေါဟာရမည်မျှ ပိုင်ပိုင်နိုင်နိုင် ရထားကြောင်း စမ်းသပ်ခြင်းဖြစ်သည်။ လေ့ကျင့်ခန်း (၃) မှာလေ့လာပြီးခဲ့သော ဝေါဟာရများဖြင့် စာတပိုဒ်ပေးထားသည်။ ထိုစာပိုဒ်ကို ဖတ်၍အောက်ပါမေးခွန်းတို့ကို ဖြေကြည့်ခြင်းဖြင့် မည်မျှနားလည်ကြောင်းကို စမ်းကြည့်ခြင်းဖြစ်သည်။ လေ့ကျင့်ခန်း (၄) မှာ ဆက်စပ်လျက်ရှိသော မေးခွန်းများကို ဖြေကြည့်ခြင်းဖြင့် အဖြေများသည်ဆက်စပ်သောအခါ စာတပိုဒ်ဖြစ်သွားမည်။ ထိုစာပိုဒ်သည်လည်း အများသိနေကြပြီဖြစ်သောပုံပြင်များ အကြောင်းအရာများသာဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းသည် လက်တွေ့ရေးသားရသော သခ်န်းစာဖြစ်၍ အနည်းငယ်ခက်ခဲဖွယ်ရာရှိသော်လည်း အားစိုက်ပြီး ကြိုးစားဖြေခြင်းဖြင့် မိမိ၏ မှန်စာရေးသားမှုကို တိုးတက်စေသည်။

# အက္ခရာစဉ် အဘိဓါန် ဝေါဟာရ

ဤစာအုပ်သည် လေ့လာမှုလွယ်ကူစေရန်အတွက် သင်ခန်းစာများကို အကန့်လိုက် အကန့်လိုက်ပေးထားပါသည်။ ၎င်းတွင် သင်ကြားမှုနည်းစနစ်အရ ပြဆိုသွားခြင်းဖြစ်သည်။ ၎င်းတို့မှာ သရအကြောင်း ဗျည်းအကြောင်း သရနှင့်ဗျည်း၊ ယှဉ်ဗျည်းအကြောင်းနှင့် အသတ် (၁၀) ပါးကို အသတ်စဉ်အလိုက် သခ်န်းစာများပေးသွားပါသည်။

သခ်န်းစာ တစ်ခုခြင်းတွင်လည်း ဝေါဟာရများကို ပေးသွားရာ၌ တစ်လုံးချင်းဝေါဟာရတွင် ၎င်း၊ နှစ်လုံးတွဲဝေါဟာရတွင်၎င်း၊ စကားစုဝေါဟာရတွင်၎င်း၊ အက္ခရာဝလိအစီအစဉ်ဖြင့် စီထားခြင်းဖြစ်သည်။ အကယ်၍ လေ့လာသူတစ်ဦးသည် စကားလုံးတစ်လုံး၏ အဓိပ္ပါယ်ကို သိလိုအံ့၊ ထိုစကားလုံးသည် မည်သည့်သခ်န်းစာတွင်ရှိသည်၊ တစ်လုံးချင်းဝေါဟာရလား နှစ်လုံးချင်းဝေါဟာရလား စကားစုလားကြည့်ပြီး အက္ခရာစဉ်အတိုင်းရှာရမည်။ ဥပမာ 'ကောန်' ဆိုသော စကားလုံးကိုရှာလိုအံ့၊ ဤစကား လုံးသည် 'န်' သတ်သခ်န်းစာတွင်ရှာပါ။ စကားတလုံးချင်းဖြစ်၍ တလုံးချင်းဝေါဟာရတွင် ရှိမည်။ 'က' အက္ခရာဖြစ်၍ အက္ခရာစဉ်အရအပေါ်နားတွင်ရှိမည်။ ထိုနည်းတူ 'ကောန်ဇာတ်' တွင် 'န်'သတ်နှင့် 'တ'သတ်နှစ်လုံးပါလာသည်ဖြစ်၍ 'န်'သတ်သည် အရင်လာပြီး 'တ'သတ်သည် နောက်မှလာသောကြောင့် 'တ'သတ်သခ်န်းစာတွင်ကြည့်ပါ။ အက္ခရာနှစ်လုံးဖြစ်၍ ဝေါဟာရနှစ်လုံးတွဲ 'က'အက္ခရာစဉ်တွင် ကြည့်ခြင်းဖြင့်တွေ့နိုင်သည်။ ဤသို့ဖြင့်သိရှိသော ဝေါဟာရသည်မည်သည့် သခ်န်းစာတွင်ရှိသည်။ ရိုးရိုးလား၊ ဗျည်းဆွဲလား၊ တစ်လုံးတည်းဝေါဟာရလား၊ နှစ်လုံးတွဲဝေါဟာရလား စကားစုလား စသည်တို့ကြည့်ပြီး ခြေရာခံလိုက်ခြင်းဖြင့် လွယ်ကူစွာရှာဖွေနိုင်သည်။

သခ်န်းစာတခုတက်တိုင်းတက်တိုင်း တွေ့ရသောဝေါဟာရများသည် အသစ်အဆန်း မဟုတ်ပါ။ ပြီးခဲ့သောဝေါဟာရများကိုသာ အခြေခံပြီးပြုစုထားခြင်းဖြစ်သည်။ တတ်ပြီးသားကို



www.monlibrary.com

www.monlibrary.com



အခြေခံပြီး သခ်န်းစာအသစ်ကိုသင်ခြင်းဖြစ်သည်။ ဝေါဟာရအခက်အခဲတွေ့ပါက အထက်က ညွှန်ကြားချက်အတိုင်း ပြီးခဲ့သောအခန်းများကို ပြန်လှန်ကြည့်ရှုနိုင်သည်။ မာတိကာတွင် အပြည့်အစုံ ဖော်ပြထားသည်။ ၎င်း၏စာမျက်နှာကိုကြည့်ပြီး လှန်ကြည့်ခြင်း အချိန်ကုန်လူပမ်းသက်သာစေပါသည်။

## အဖြေပိုင်း

ဤစာအုပ်တွင် လေ့ကျင့်ခန်းများ ပေးထားပြီးနောက် မိမိ၏ ကြိုးပမ်းမှုသည် မည်မျှမှန်ကန်သည်ကို အဖြေက သက်သေပြနေသည်။ အဖြေနှင့်တိုက်ကြည့်ခြင်းဖြင့် မိမိသည် မည်မျှတတ်မြောက်သည်။ မည်မျှလိုနေသည်ကိုတွေ့ရမည်။ ဤတွင် တစ်ခုသတိပြုရန်မှာ မိမိသည် မွန်စာကို တတ်မြောက်လိုသောဆန္ဒဖြင့် သင်ကြားခြင်းဖြစ်ရာ လေ့ကျင့်ခန်းကို အဖြေမကြည့်ဘဲ ဖြေဖြစ်အောင် ဖြေစေချင်သည်။ ဖြေပြီးမှသာလျှင် အဖြေနှင့်ချိန်ကိုက်စေလိုသည်။ နောက်ဆုံးလေ့ကျင့်ခန်းသည် အဖြေများကိုဆက်ခြင်းဖြင့် စာပိုဒ်ဖြစ်သွားကြောင်းကို ဤအဖြေတွင် ပေးထားမည်ဖြစ်သည်။ ဤ အပိုဒ် (ဃ) လေ့ကျင့်ခန်းအဖြေတွင် နံပါတ်များဖြင့် ဖော်ပြထားပါသည်။

## တောင်းပန်ချက်

ဤစာအုပ်သည် အခြေခံမွန်စကား မွန်စာသင်ကြားခြင်းဖြစ်၍ သင်ခန်းစာတစ်ခုပေးရာ၌ တတ်မြောက်ပြီးသော အခြေခံကိုမကျော်လွန်စေဘဲ ပြုစုထားရသောကြောင့် ပြုစုသူအဖို့ လွန်စွာမှ ခက်ခဲပြီး ပင်ပမ်းလှပါသည်။ ဤအခက်အခဲကို လေ့လာသူများ တွေ့ရပေလိမ့်မည်။ အစပိုင်းဝါကျပေးမှု စာပိုဒ်ပေးထားမှုတို့၌ မသင်ကြားရသေးသော စကားလုံးများကို ထည့်မသုံးနိုင်သောကြောင့် အစပိုင်းဝါကျများ စာပိုဒ်များတွင် အနည်းငယ်ထောက်နေသည်ကို တွေ့ရသည်။ တဖြည်းဖြည်း နောက်ပိုင်းဝါကျဖွဲ့စည်းမှုတို့တွင် ချောမောပြေပြစ်သွားသည်ကို သတိပြုကြရပါလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ တတ်ပြီးသားကိုအခြေခံပြီး သင်ခန်းစာအသစ်ကို သင်ကြားရသောကြောင့်ဖြစ်သည်။ ဥပမာ ယှဉ်ဗျည်း သင်ခန်းစာတွင် အသတ်နှင့်ပတ်သက်သော သင်ခန်းစာကိုမတွေ့ရပါ။ ထိုနည်းတူ 'က' သတ်သင်ခန်းစာသင်ကြားနေစဉ် 'န'သတ်ဝေါဟာရများကိုမတွေ့ရပါ။ 'န'သတ်သခ်န်းစာတွင် 'အ'သတ်သခ်န်းစာဝေါဟာရများကိုမတွေ့ရပါ။ နောက်ဆုံး 'အ'သတ်သခ်န်းစာတွင် သင်ကြားပြီးသား သခ်န်းစာ၏ ဝေါဟာရအားလုံးကိုတွေ့ရမည်။ ဤသည်မှာ သင်ကြားမှုအားလုံး ပြီးမြောက်ခြင်းသဘောဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်၏အရှေ့ပိုင်းဝါကျ ဖွဲ့စည်းမှုအနည်းငယ်ထောက်နေသည်ကိုငှင်း၊ အသံထွက်ပုံ ပုံသေကားချပ် မလိုက်ရဘဲ တခြားဝေါဟာရများနှင့် တွဲသောအခါ၌ငှင်း၊ ဝါကျကိုလိုက်၍ငှင်း၊ အသံထွက်ကို လိုက်လျော်ညီထွေစွာ ပေးထားသဖြင့် ပုံသေမမှတ်ယူကြောင်းကို ပန်ကြားလိုပါသည်။

□□□□□

www.monlibrary.com



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း (၁)

✣ ✣ ✣

မွန်လူမျိုးနှင့်တကွ မည်သည့်လူမျိုးတွင်မဆို စကားကို ဦးစွာပြောဆိုကြပြီးနောက်မှ စာပေသည် လိုက်ပါပေါ် ပေါက်လာကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း စကားပြီးမှ စာလာခြင်းဖြစ်သည်။ စာသည်လည်း အက္ခရာစာလုံးများဖြင့် သီကုံးထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း တနည်းအားဖြင့် အက္ခရာစာလုံးများဖြင့် သီကုံးထားခြင်းကို စာဟုခေါ်သည်။

## အက္ခရာ

အက္ခရာဟု ခေါ်ဆိုသည့် အဓိပ္ပါယ်မှာလည်း -

၁။ ပြောဆိုရေးသား၍ မကုန်ခမ်းနိုင်ခြင်း၊

၂။ ကြမ်းတမ်းခက်မာသော သဘောမရှိဘဲ နူးညံ့သိမ်မွေ့ပျော့ပြောင်းသည်ဖြစ်၍ အနက်ဒြပ်ရှိသမျှကို ရည်ညွှန်းဖော်ဆောင်နိုင်ခြင်းတို့နှင့် ပြည့်စုံသော အရည်အချင်း ရှိခြင်းဖြစ်သည်။

## သရများ

မွန်ဘာသာစကားကို လေ့လာရာ၌ မွန်အက္ခရာများဖြင့် သီကုံးထားသော မွန်စာသည် အခြားစာပေကဲ့သို့ပင် မွန်အက္ခရာများကို သရနှင့်ဗျည်းခွဲခြားထားပါသည်။ မွန်ဘာသာအားဖြင့် သရကို သၞ ဟုပင်ထွက်ပြီး ဗျည်းကို (ဗျော) ဟုအသံထွက်ပါသည်။ သရ၏ အဓိပ္ပါယ်မှာ အခြားအက္ခရာတစ်လုံး၏ အကူအညီမယူဘဲ အသံဖြစ်အောင် ရွတ်ဆို၍ရသောကြောင့် (သို့မဟုတ်) ကိုယ်ပိုင်အသံရှိသောကြောင့် သရ ဟုခေါ်၏။

မြန်မာသင်ပုန်းကြီးတွင် သရ (၁၂) လုံးရှိပါသည်။ ၎င်းတို့မှာ -

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မြန်မာသရ | အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | အဲ | ဩ | ဪ | အံ | အား |
| သင်္ကေတ | – | –ါ | –ိ | –ီ | –ု | –ူ | ေ– | –ဲ | ေ–ါ | ေ–ါ် | –ံ | –ါး |

## အခြေခံ မွန်စကား မွန်စာ သင်ကြားနည်း

မွန်သင်ပုန်းကြီးတွင်လည်း သရ (၁၂) လုံးရှိပါသည်။ ၎င်းတို့မှာ -

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မွန်သရ | အ | အာ | ဣ | ဣဳ | ဥ | ဦ | ဨ | အဲ | ဩ | ဪ | အံ | အး |
| အသံထွက် | အ့ | အဲ | အိ | အီ | အု | အူ | အေ | အွာ | အို | အဲ(ဟ) | အော်(မ) | အဲ(ဟ) |
| သင်္ကေတ | – | –ါ | –ိ | –ီ | –ု | –ူ | ေ– | –ဲ | ေ–ါ | –် | –ံ | –း |

ဤစာအုပ်တွင် မွန်အသံများကို မြန်မာအက္ခရာဖြင့် ရေးပြထားရသည်မှာ မွန်အသံနှင့် ထပ်တူထပ်မျှ ရေးသားနိုင်စွမ်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဘာသာစကားတစ်ခု၏အသံကို အခြားဘာသာစကားတစ်ခု၏ အက္ခရာစာလုံးဖြင့် ရေးသားနိုင်စွမ်းမရှိသည်မှာ သဘာဝကျသော အချက်ဖြစ်ပါသည်။ ဤစာအုပ်တွင် မွန်အသံထွက်များကို မြန်မာစာဖြင့် ဖော်ပြသည်မှာ အနီးစပ်ဆုံး မွန်အသံရအောင် ရေးထားခြင်းဖြစ်၍ အသံမှန်မှန်ကန်ကန်ရအောင် ထပ်ခါတလဲလဲ လေ့ကျင့်ရမည်။ ထို့ကြောင့် အထက်ဖော်ပြပါမွန်သရ၏အသံကို မှန်ကန်အောင် အတန်တန် ယှဉ်တွဲလေ့ကျင့်ပါ။ အသံနှင့် သရစာလုံးလည်း မှတ်မိအောင်လေ့ကျင့်ပေးပါ။ သရအရေးအသားလည်း မှန်ကန်အောင် ရေးသားလေ့ကျင့်ပေးပါ။

လေ့ကျင့်မှု လွယ်ကူစေရန်အတွက် အောက်ပါမြန်မာနှင့် မွန်သရတို့၏ အရေးအသား ကွာခြားမှုတို့ကို ထပ်မံရှင်းပြပါမည်။

### မွန်မြန်မာသရတို့၏ အရေးအသားကွာခြားချက်

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မြန်မာသရ | အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | အဲ | ဩ | ဪ | အံ | အား |
| မွန်သရ | အ | အာ | ဣိ | ဣီ | ဥ | ဥူ | ဨ | အဲ | ဩ | အ် | အံ | အး |
| တူ မတူ | ✔ | ✔ | ✗ | ✗ | ✔ | ✗ | ✔ | ✔ | ✔ | ✗ | ✔ | ✔ |

မြန်မာသရများနှင့် မွန်သရများအရေးအသားကွာခြားချက်နှင့်ပတ်သက်၍ တူညီမှုတို့ကို ရှင်းပြရန်မလိုဘဲ **အရေးအသားမတူညီသော** အချက်များကို ရှင်းပြရန်သာလိုသည်။



www.monlibrary.com

၁။ မြန်မာ ဣ နှင့် မွန် **ဣ** သရတို့သည် အထက်ပါဇယားတွင် သရအရေးအသား၌ မတူညီကြသော်လည်း သုံးနှုန်းသောအခါ၌ (လုံးကြီးတင်) ကိုပင် အတူတူအသုံးပြုကြသည်။ အရေးအသားလည်းတူညီသည်။

၂။ မြန်မာ ဤ နှင့် မွန် **ဣဳ** သရတို့သည် အထက်ပါဇယားပြဆိုချက်၌လည်း မတူပါ။ သုံးနှုန်းရေး သားရာ၌လည်း မတူညီပါ။

မြန်မာတို့ ဤ သရသည် ရေးသားရာ၌ (လုံးကြီးတင်ဆံခပ်) (--ီ) ကိုသုံးသည်။ မွန် ဣဳ သရတွင်ကား (လုံးကြီးတင်ဆံခပ်) (--ီ) ကိုမသုံးပဲ မွန်တို့သုံးသည်မှာ (-ဳ)ပင်ဖြစ်သည်။ ဤအချက်သည် မြန်မာနှင့် လွန်စွာကွာခြားချက် တစ်ရပ်ပင်ဖြစ်သည်။ မွန်စာရှိ (လုံးကြီးတင်ဆံခပ်) (--ီ) သည် မသတ် (မ်) ကိုဆိုလိုခြင်းဖြစ်သည်။ နောင်တွင် မွန်စာ၌ (လုံးကြီးတင်ဆံခပ်) (--ီ) ကိုတွေ့ပါက မ သတ်ဟုပင်မှတ်ပါလေ။

၃။ မြန်မာ ဦ နှင့် မွန် **ဥူ** သရတို့သည် အထက်ဇယားဖြင့် ပြဆိုရာ၌သော်လည်းကောင်း သုံးနှုန်းရေးသားရာလည်းကောင်း (နှစ်ချောင်းငင်) ( -ူ ) အတူတူပင်ဖြစ်သည်။

၄။ မြန်မာ ဪ နှင့် မွန် **အဴ** သရတို့ တစ်ခုနှင့်တစ်ခု အရေးအသား လုံးဝမတူပါ။ မြန်မာတွင် ရေးချရှေ့ထိုး ( ေ-ာ် ) ကို ဆိုလိုသည်။ မွန်တွင် ( -ဴ ) ရှေ့ပစ်ကိုသာ သုံးသည်။ လုံးဝ အသွင်မတူပါ။ မြန်မာ ဪ ေ-ာ် သရကဲ့သို့ အရေးအသားမျိုးသည် မွန်တွင် က သတ် ကို ဆိုလိုပါသည်။ နောင်တွင် ေ-ာ် ဤကဲ့သို့တွေ့တိုင်း က သတ် (က်) သည်ဟုမှတ်ပါလေ။

၅။ မြန်မာ **အား** နှင့် မွန် **အး** သရတို့သည် လုံးဝအရေးအသားမတူပါ။ မွန်တွင် (း) ဝိသဇ္ဇနီမရှိပါ။ မွန်ရှိ (း) သည် ဟ သတ် (ဟ်) ကို ကိုယ်စားပြုပြီးရေးခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပိုမို၍လွယ်ကူစွာ မှတ်မိစေရန် မြန်မာသရ သင်္ကေတနှင့် မွန်သရသင်္ကေတ **တို့၏** အရေးအသားကွာခြားမှုကို ထပ်မံယှဉ်ပြထားပါမည်။

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **မြန်မာသရသင်္ကေတ** | - | -ါ | -ိ | -ီ | -ု | -ူ | ေ- | -ဲ | ေ-ါ | ေ-ာ် | -ံ | -ါး |
| **မွန်သရသင်္ကေတ** | - | -ါ | -ိ | -ဳ | -ု | -ူ | ေ- | -ဲ | ေ-ါ | -ဴ | -ံ | -း |
| | ✓ | ✓ | ✓ | ✗ | ✓ | ✓ | ✓ | ✓ | ✓ | ✗ | ✓ | ✗ |

www.monlibrary.com



ထို့ကြောင့် နောက်ဆုံးတွင် မြန်မာသရအရေးအသားနှင့် မွန်သရအရေးအသား သုံးနှုန်းရာ၌ မတူညီသည်မှာ ဇယား အမှတ် (၄၊ ၁၀၊ ၁၂) တို့ (၃) လုံးသာ ကွာခြားသည်။ ဤကွာခြားချက်ကို မှတ်မိစေရန်နှင့် မွန်သရများအရေးအသား မှတ်မိစေရန် အတန်တန်လေ့ကျင့်ပေးပါ။

## မွန်သရအသံထွက်

မွန်သရအသံထွက်နှင့် မြန်မာသရအသံထွက်တို့ကို နှိုင်းယှဉ်သောအခါ မည်သည့်စကားလုံးများ အသံထွက်တူသည် မည်သည့်စကားလုံးများ အသံထွက်ကွာခြားသည်ကို ယှဉ်ကြည့်ခြင်းဖြင့် ပိုမို၍ မှတ်မိလွယ်ကူစေရန် အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မြန်မာသရ | - | -ါ | -ိ | -ီ | -ု | -ူ | ေ- | -ဲ | ေ-ါ | ေ-ာ် | -ံ | -ါး |
| မွန်သရ | - | -ါ | -ိ | -ဳ | -ု | -ူ | ေ- | -ဲ | ေ-ါ | -ဵ | -ံ | -း |
| မွန်သရအသံထွက် | အဲ့ | အဲ | အိ | အဳ | အု | အူ | အေ | အွာ | အို | အဲ(ယ) | အော်(မ) | အဲ(မ) |
| | ✘ | ✘ | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✘ | ✘ |

အထက်ပါဇယားကို ကြည့်ခြင်းဖြင့် ဇယား (၃၊ ၄၊ ၅၊ ၆၊ ၇) ထိသည် မွန်သရအသံနှင့် မြန်မာသရသံတို့ ဆင်တူနေသော်လည်း ဇယား (၁၊ ၂ နှင့် ၈ မှ ၁၂) ထိသည် မွန်သရအသံနှင့် မြန်မာသရသံတို့ မတူညီပါ။

ဇယား (၁) မြန်မာသရ (-) နှင့် မွန်သရ (-) တို့သည် အရေးတူသော်လည်း မြန်မာအသံထွက်က (အ) ထွက်ပြီး၊ မွန်အသံထွက်က (အဲ့) ထွက်ပါသည်။

ဇယား (၂) မြန်မာသရ (-ါ) နှင့် မွန်သရ (-ါ) တို့သည် အရေးတူသော်လည်း မြန်မာအသံထွက် (အာ) ထွက်ပြီး၊ မွန်အသံထွက် က (အဲ) အသံထွက်ပါသည်။

ဇယား (၈) မြန်မာ သရ (-ဲ) သည် မွန်သရနှင့် အရေးတူ၏။ မြန်မာတွင် (အဲ) အသံထွက်သော်လည်း မွန်တွင် (အွား) အသံထွက်ပါသည်။

ဇယား (၉) မြန်မာသရ (ေ-ါ) သည် မွန်သရနှင့် အရေးအသားတူသည်။ မြန်မာ (ေ-ါ) သရ သည် (အော) အသံထွက်သော်လည်း မွန်တွင် အောင် (အို) အသံထွက်ပါသည်။



www.monlibrary.com

www.monlibrary.com



ဇယား (၁၀) မြန်မာသရ (ေ-ၢ) သည် မွန်သရနှင့် အရေးအသားလုံးဝမတူပါ။ မွန်တွင် (-ဲ) ဟုရေးပါသည်။ မြန်မာတွင် (အော်) အသံထွက်သော်လည်း မွန်တွင် အောင်း (အဲယ်) အသံထွက်ပါသည်။

ဇယား (၁၁) မြန်မာသရ (-ံ) သည် မွန်သရနှင့် အရေးတူပါသည်။ သို့သော် မြန်မာတွင် (-ံ) သရသည် (အံ) အသံထွက်ပါသည်။ သို့သော် မွန် (-ံ) သည် အော် (မ) အသံထွက်ပါသည်။

ဇယား (၁၂) မြန်မာသရ (--ါး) နှင့် မွန်သရ (--း) သည် အရေးအသားမတူသကဲ့သို့ အသံလည်းမတူပါ။ မြန်မာ (--ါး) သည် (အား) အသံထွက်သော်လည်း မွန်သရ -း သည် အဲ(ဟ) အသံထွက်ပါသည်။

၎င်းတို့၏ ခြားနားချက်ကို သေချာစွာမှတ်ထားပြီး၊ သရ၏ အရေးအသားနှင့် အသံတို့ကို မှန်ကန်အောင် အတန်တန်လေ့ကျင့်ကြပါ။

## လေ့ကျင့်ခန်း

(က) အောက်ပါတို့ကိုမှန်လျှင် (✔)၊ မှားလျှင် (✘) ခြစ်ပေးပါ။

၁။ အက္ခရာ၏ အခိပ္ပါယ်မှာ ပြောဆိုရေးသား ကူနိခမ်းနိုင်ခြင်း။ ( )

၂။ အက္ခရာ၏ အခိပ္ပါယ်မှာ ကြမ်းတမ်းသော သဘောရှိခြင်း။ ( )

၃။ အက္ခရာ၏ အခိပ္ပါယ်မှာ နူးညံ့သိမ်မွေ့သော သဘောရှိခြင်း။ ( )

၄။ အနက်ဒြပ်ရှိသမျှကို ပြည့်စုံစွာ မဖော်ညွှန်းနိုင်ခြင်း။ ( )

၅။ သရ၏ အခိပ္ပါယ်မှာ ကိုယ်ပိုင်အသံရှိခြင်း။ ( )

၆။ သရသည် အခြားအက္ခရာစာလုံး၏ အကူအညီရှိမှ အသံထွက်ခြင်း။ ( )

၇။ မွန်သရသည် (၁၂) လုံးရှိသည်။ ( )

**(ခ)** မွန်သရ အရေးလေ့ကျင့်နိုင်ရန် အောက်ပါကွက်လပ်ကို မှန်အောင်ဖြည့်ပါ။

**၁။** -- --ၢ -ိ ( )။ (-ီ -ု)

**၂။** -ၞ --ျ ေ-- ( )။ (-ဲ -ၚ)

**၃။** ေ-ၢ ( ) -ံ ( )။ (-ဲ -ၚ --ါး --း)

## အခြေခံ မွန်စကား မွန်စာ သင်ကြားနည်း

(၈) မွန်သရ အသံထွက်မှန်ကန်ရန်အတွက် အောက်ပါတို့ကို လိုအပ်သောနေရာ၌ မှန်အောင်ဖြည့်စွက်ပါ။

၁။

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| -- | --ါ | -ိ- | -ီ- |
| အဲ့ | | အိ | အီ |

(အဲ၊ အဲ့)

၂။

| ၅ | ၆ | ၇ | ၈ |
|---|---|---|---|
| --ု | --ူ | ေ-- | --ဲ |
| အု | အူ | အေ | |

(အဲ၊ အွာ)

၃။

| ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|
| ေ--ါ | --ဲ | --ံ | --း |
| | | | |

အို၊ အော်(မ) အဲ (ဟ)။ အော် (မ)

၄။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|
| -- | --ါ | -ိ- | -ီ- | --ု | --ူ | ေ-- | --ဲ | ေ--ါ | --ဲ | --ံ | --း |
| | | | | | | | | | | | |

အဲ၊ အိ၊ အဲ့၊ အယ်(ယ)၊ အဲဟ၊ အွာ၊ အို၊ အော်(မ)၊ အူ၊ အု၊ အီ၊ အေ။

www.monlibrary.com



# အခန်း (၂)

❖ ❖ ❖

## ဗျည်း၊ ဗျဉ်၊ ဗျော (န)

အထက်သင်ခန်းစာတွင် သရအကြောင်းကို ရှင်းပြခဲ့ပြီးနောက် သရနှင့် ယှဉ်လျက်ရှိသော ဗျည်းအကြောင်းကို ဆက်လက်လေ့လာရပါမည်။ ဗျည်း၏ အဓိပ္ပါယ်မှာ သရနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သရသည် ကိုယ်ပိုင်အသံရှိသည်။ ထို့ကြောင့် ဗျည်းတွင် ကိုယ်ပိုင်အသံမရှိခြင်းဖြစ်ပါသည်။ ပါးစပ်၌ တစ်ခုခုနှင့် ထိခိုက်မိမှ အသံဖြစ်ရသော အက္ခရာဟု ဆိုသည်။

မြန်မာသင်ပုန်းကြီးတွင် အ အပါအဝင် က မှ အ အထိ (၃၃) လုံးသည် ဗျည်းများဖြစ်သည်။ ဤတွင် တစ်ခုမေးစရာရှိသည်မှာ ( က၊ ခ၊ ဂ မှ အ ) အထိသည် သူတို့၏ အက္ခရာစကားလုံး အသံနှင့် အတူရှိကြပါသည်။ ဗျည်းဆိုလျှင် ကိုယ်ပိုင်အသံမရှိဟု အဓိပ္ပါယ်ဖွင့်ဆိုထားရာမှ ဤ က မှ အ အထိ ဗျည်း (၃၃) လုံးသည် အဘယ့်ကြောင့် အသံထွက်ရပါသနည်းဟု မေးစရာရှိပါသည်။ ဤအမေးကို ရှင်းပြရမည်မှာ ဤ က မှ အ အထိ ဗျည်း (၃၃) လုံးတွင် ဗျည်းတစ်လုံးစီတွင် အ သရပါဝင်နေသောကြောင့် ဗျည်းတိုင်းသည် အသံထွက်နေရခြင်းဖြစ်သည်။ ထိုဗျည်းတိုင်းနှင့် ယှဉ်တွဲထားသောသရကို မြှုပ်ထားသဖြင့် မမြင်ရသောကြောင့်ဟုသာ ရှင်းရပါမည်။

ဤနေရာတွင် ဥပမာတစ်ခုကို ပြရမည်ဆိုလျှင် အတန်းငယ်ငယ်မှုလတန်းအရွယ်၌ အပိုင်းဂဏန်းကို သင်ကြားကြသောအခါ၊ ကိန်းပြည့်၏အောက်ပိုင်းတွင် အမြဲတမ်း အပိုင်းဂဏန်း (၁) ထားသည့် သဘောဖြစ်သည်။ ထိုအောက်ခြေအပိုင်းဂဏန်း (၁) ကိုမမြင်သောကြောင့် ကိန်းပြည့်အနေနှင့် မြင်ခြင်းဖြစ်သည်။ ထို့ကြောင့် က မှ အ အထိ (၃၃) လုံးသော ဗျည်းတို့သည် အ သရ နှင့်တွဲထားပြီးသားဖြစ်သော ကိန်းပြည့်ကဲ့သို့ ဗျည်းများဟု ဆိုပါသည်။

မွန်ဘာသာသင်ပုန်းကြီးတွင် အ အပါအဝင် ဗျည်း (၃၅) လုံးပါရှိသည်။ မြန်မာသင်ပုန်းကြီးတွင် ဗျည်း (၃၃) လုံးရှိသည်။ မွန်ဗျည်းသည် မြန်မာဗျည်းထက် (၂) လုံးပိုပါသည်။ ၎င်းတို့မှာ ဓ နှင့် ၜ တို့ ဖြစ်သည်။ ကျန် (၃၃) လုံးတို့မှာ အရေးအသားတူညီသည်။ အရေးအသား တူညီသည်ဟုဆိုစေကာမူ မြန်မာတို့၏ ဈ သည် မွန်တို့အဖို့ ၛ ဟုရေးပါသည်။ **မြန်**မာတွင် 'င' ကို ဤသို့ရေးသော်လည်း မွန်ဗျည်းတွင် င ကို 'ၚ' ဟု 'င' ၏ အောက်တွင် **'ရ'** အငယ်စား ထည့်ရသည်။ ပိုမို၍ လွယ်ကူစွာ မြင်သာစေရန် မြန်မာသင်ပုန်းကြီးဗျည်းနှင့် **မွန်သင်**ပုန်းကြီးဗျည်းတို့၏ အရေးအသားကို ယှဉ်ပြထားသည်။



www.monlibrary.com

www.monlibrary.com



## မွန် မြန်မာ ဗျည်းယှဉ်ပြဇယား

| | | | | | |
|---|---|---|---|---|---|
| မြန်မာ | က | ခ | ဂ | ဃ | င |
| မွန် | က | ခ | ဂ | ဃ | ၚ |
| မြန်မာ | စ | ဆ | ဇ | ဈ | ည |
| မွန် | စ | ဆ | ဇ | ၛ | ည |
| မြန်မာ | ဋ | ဌ | ဍ | ဎ | ဏ |
| မွန် | ဋ | ဌ | ဍ | ဎ | ဏ |
| မြန်မာ | တ | ထ | ဒ | ဓ | န |
| မွန် | တ | ထ | ဒ | ဓ | န |
| မြန်မာ | ပ | ဖ | ဗ | ဘ | မ |
| မွန် | ပ | ဖ | ဗ | ဘ | မ |
| မြန်မာ | ယ | ရ | လ | ဝ | သ |
| မွန် | ယ | ရ | လ | ဝ | သ |
| မြန်မာ | ဟ | ဠ | | အ | |
| မွန် | ဟ | ဠ | ၜ | အ | ၝ |



www.monlibrary.com

www.monlibrary.com



မွန်ဗျည်း (၃၅) လုံးတွင် ၚ နှင့် ၛ (၂) လုံးသည် မြန်မာဗျည်း င နှင့် ဈ အရေးအသားမတူပါ။ ထို့ပြင်ပိုလာသော ၜ နှင့် ၝ သည်လည်း အရေးအသားမတူပါ။ မြန်မာဗျည်းတို့ ဈ သည် မွန် ၛ ဟု ရေးပါသည်။ မြန်မာ င သည် မွန် ၚ ရေးသည်။ မွန် ၜ သည် ဝလုံးအတွင်း၌ ဝလုံးအသေးလေးထပ်သည့်သဘော ( ၜ ) ပင်ဖြစ်သည်။ သုည နှစ်ထပ်ပင်ဖြစ်သည်။ အရွယ်ကွာခြားလွန်းသဖြင့် အစက်ချသည်ဟုထင်ရသည်။

ထို့ပြင် ၝ မှာလည်း ရိုးရိုး မြန်မာစာရှိ မှ ကဲ့သို့မဟုတ်ပါ။ မွန်အဆွဲသည် ဟထိုး ( ှ ) မဟုတ်ပါ။ အဆွဲသည် အပေါ်ပိုင်းအတွင်းဘက်ကွေးနေခြင်းဖြစ်ရမည်။ ( ၝ )။

မွန်ဗျည်း (၃၅) လုံး

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | ၚ |
| စ | ဆ | ဇ | ၛ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| ဟ | ဠ | ၜ | အ | ၝ |

## မြန်မာဗျည်းအသံထွက်နှင့် မွန်ဗျည်းအသံထွက်ပုံ

### မြန်မာဗျည်းအသံထွက်ပုံ

မြန်မာဗျည်း (၃၃) လုံးတို့အသံထွက်ရာ၌ သင်ပုန်းကြီးကို စတင်သင်ကြားသော သူငယ်တန်း ကျောင်းသားတို့၏ ဗျည်းနှင့်ပတ်သက်၍ အသံထွက်ပုံကို ဦးစွာ ရှင်းပြရမည်။ သူငယ်တန်း မြန်မာသင်ပုန်းကြီးသင်ရာ၌ မြန်မာဗျည်းတို့၏ အက္ခရာတစ်လုံးစီ၏ ပုံသဏ္ဌာန်ကိုလိုက်၍ အသံ

www.monlibrary.com



ထွက်ရခြင်းဖြစ်ပါသည်။ ဥပမာ က - ကကြီး၊ ခ - ခခွေး၊ ဂ - ဂငယ် ဟုအသံထွက်ပါသည်။ ဤအသံထွက်ကို ကြည့်ခြင်းဖြင့် အက္ခရာဗျည်း၏ ပုံသဏ္ဌာန်ကိုလိုက်၍ အသံထွက်နေသောကြောင့် အသံတူသော မြန်မာဗျည်းတို့သည် များစွာရှိပါသည်။

၎င်းတို့မှာ ဂ = ဃ၊ ဇ = ဈ၊ ဍ = တ၊ ဌ = ထ၊ ဍ = ပ၊ ဒ = ဓ၊ ဏ = န၊ ဗ = ဘ၊ ယ = ရ၊ လ = ဠ တို့ဖြစ်သည်။ ထို့ကြောင့် မြန်မာဗျည်း (၃၃) လုံးရှိသည့်အနက် အသံတူဗျည်း (၂၀) လုံး (၁၀) စုံရှိနေသဖြင့် အသံမတူသည်မှာ (၁၃) လုံးသာကျန်တော့သည်။ ထို့ကြောင့်လည်း မြန်မာစာတွင် အသံတူဗျည်းများကို ရေးသားရာ၌ အသုံးနည်းပါးသည်ကိုတွေ့ရသည်။

## မွန်ဗျည်းအသံထွက်ပုံ

မွန်ဗျည်းများကို လေ့လာသောအခါ အထက်ပါ မြန်မာဗျည်းကဲ့သို့ သင်ပုန်းကြီးကို ရှေးဦးစွာ သင်ကြားရာ၌ ဗျည်းအက္ခရာတလုံးချင်း၏ ပုံသဏ္ဌာန်ကိုလိုက်၍ အသံမထွက်ရပါ။ အက္ခရာတစ်လုံးအတွက် အသံတစ်ခုသာထွက်ရပါမည်။ ဥပမာ က - က သာအသံထွက်ရမည်။ ခ = ခ သာအသံထွက်ရမည်။ မြန်မာကဲ့သို့ ကကြီး၊ ခခွေး ဟုအသံမထွက်ရပါ။ ထို့ကြောင့်လည်း မွန်ဗျည်းများတွင် အသံတူဗျည်းသည် ရှားပါးလှသည်။ ၞ = တ၊ ၟ = ထ သာ အသံတူဗျည်းရှိသည်။ ထို့ကြောင့် မွန်ဗျည်းများသည် အသံတူဗျည်းနည်းသဖြင့် ဗျည်းတစ်လုံးအသံတစ်မျိုးထွက်သောကြောင့် မွန်စာ၌ ဗျည်းစုံကို အသုံးပြုနိုင်သည်။ ဤအချက်သည် မြန်မာသင်ပုန်းကြီးနှင့် ကြီးစွာကွာခြားချက်တစ်ခုပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မွန်ဗျည်းများကို ရှေးဦးသင်စ ရွတ်ဆိုရာ၌ ဗျည်းအက္ခရာစာလုံး၏ သဏ္ဌာန်ကိုလိုက်၍ မဆိုရဘဲ ကိုယ်ပိုင်အသံစုံရှိသောကြောင့် ဟုဆိုရမည်။ ပိုမို၍ ရှင်းလင်းလွယ်ကူစေရန်အတွက် အောက်တွင် မြန်မာနှင့်မွန်ဗျည်းတို့၏ အသံထွက်ကို ယှဉ်၍ပြဆိုထားပါသည်။

### မြန်မာဗျည်းအသံထွက်နှင့် မွန်ဗျည်းအသံထွက်နှိုင်းယှဉ်ချက်

| စဉ် | မြန်မာဗျည်း | အသံထွက် | မွန်ဗျည်း | အသံထွက် |
|---|---|---|---|---|
| ၁။ | က | က ကြီး | က | က |
| ၂။ | ခ | ခ ခွေး | ခ | ခ |
| ၃။ | ဂ | ဂ ငယ် | ဂ | ဂွ |
| ၄။ | ဃ | ဂ ကြီး | ဃ | ဃွ |



www.monlibrary.com

www.monlibrary.com



| | | | | |
|---|---|---|---|---|
| ၅။ | င | င | ၚ | ငဲ့ |
| ၆။ | စ | စ လုံး | စ | ကျ |
| ၇။ | ဆ | ဆ လိမ် | ဆ | ချ |
| ၈။ | ဇ | ဇ ကွဲ | ဇ | ဂျဲ့ |
| ၉။ | ဈ | ဇ မျှင်ဆွဲ | ၛ | ချဲ့ |
| ၁၀။ | ည | ည | ည | ညဲ့ |
| ၁၁။ | ဋ | တ တလင်းချိတ် | ဋ | ဋ |
| ၁၂။ | ဌ | ထ ဝမ်းဘဲ | ဌ | ဌ |
| ၁၃။ | ဍ | ဍ ရင်ကောက် | ဍ | တ္ |
| ၁၄။ | ဎ | ဍ ရင်မှတ် | ဎ | ထဲ့ |
| ၁၅။ | ဏ | န ကြီး | ဏ | ဏ |
| ၁၆။ | တ | တ ဝမ်းပူ | တ | တ |
| ၁၇။ | ထ | ထ ဆင်ထူး | ထ | ထ |
| ၁၈။ | ဒ | ဒ ဒွေး | ဒ | ဒဲ့ |
| ၁၉။ | ဓ | ဒ အောက်ချိုင့် | ဓ | ထဲ့ |
| ၂၀။ | န | န ငယ် | န | နဲ့ |
| ၂၁။ | ပ | ပ စောင့် | ပ | ပ |
| ၂၂။ | ဖ | ဖ ထုပ် | ဖ | ဖဲ့ |
| ၂၃။ | ဗ | ဗ ထက်ချိုင့် | ဗ | ဗဲ့ |
| ၂၄။ | ဘ | ဗ ခုန်း | ဘ | ဖဲ့ |
| ၂၅။ | မ | မ | မ | မဲ့ |
| ၂၆။ | ယ | ယ ပက်လက် | ယ | ယဲ့ |
| ၂၇။ | ရ | ရ ကောက် | ရ | ရဲ့ |
| ၂၈။ | လ | လ | လ | လဲ့ |
| ၂၉။ | ဝ | ဝ | ဝ | ဝဲ့ |

www.monlibrary.com



| | | | | |
|---|---|---|---|---|
| ၃၀။ | သ | သ | သ | စ |
| ၃၁။ | ဟ | ဟ | ဟ | ဟ |
| ၃၂။ | ဠ | လ ကြီး | ဠ | ဠ |
| ၃၃။ | အ | အ | ၜ | ပ |
| ၃၄။ | | | အ | အ |
| ၃၅။ | | | ၝ | ဗဲ့ |

## မွန်သင်ပုန်းကြီး ဗျည်းနှင့်အသံထွက်

| | | | | | |
|---|---|---|---|---|---|
| ဗျည်း | က | ခ | ဂ | ဃ | င |
| အသံထွက် | က | ခ | ဂဲ့ | ခဲ့ | ငဲ့ |
| ဗျည်း | စ | ဆ | ဇ | ၛ | ည |
| အသံထွက် | ကျ | ချ | ဂျဲ့ | ချဲ့ | ညဲ့ |
| ဗျည်း | ဋ | ဌ | ဍ | ဎ | ဏ |
| အသံထွက် | ဋ | ဌ | တဲ့ | ထဲ့ | ဏ |
| ဗျည်း | တ | ထ | ဒ | ဓ | န |
| အသံထွက် | တ | ထ | ဒ | ဓ | နဲ့ |
| ဗျည်း | ပ | ဖ | ဗ | ဘ | မ |
| အသံထွက် | ပ | ဖ | ဗဲ့ | ဖဲ့ | မဲ့ |
| ဗျည်း | ယ | ရ | လ | ဝ | သ |
| အသံထွက် | ယဲ့ | ရဲ့ | လဲ့ | ဝဲ့ | စ |
| ဗျည်း | ဟ | ဠ | ၜ | အ | ၝ |
| အသံထွက် | ဟ | ဠ | ပ | အ | ဗဲ့ |



www.monlibrary.com

www.monlibrary.com



မွန်ဗျည်းများ၏ အသံထွက်နှင့်ပတ်သက်၍ အနည်းငယ်ထပ်မံရှင်းပြရန် လိုပါသေးသည်။

ဃ - အသံသည် ခ နှင့် ဂ အကြားတွင်ရှင်း
ဈ - အသံသည် ဇ နှင့် ဈ အကြားတွင်ရှင်း
ဎ - အသံသည် ထ နှင့် ဎ အကြားတွင်ရှင်း
ဓ - အသံသည် ထ နှင့် ဓ အကြားတွင်ရှင်း
ဘ - အသံသည် ဖ နှင့် ဘ အကြားတွင်ရှင်း အသီးသီးရှိကြသည်။

ဍ - ဍ အသံကိုရွတ်ဆိုရာ၌လျှာကို အတွင်းဘက်သွားဖုံးတွင်အသာထိပြီး ဋ ဟု ရွတ်ဆိုလျှင် ဍ အသံရမည်။

ရ - အသံကိုလျှာလိပ်ပြီး ရဲ့ ဟုရွတ်ဆိုရမည်။

ဓ - အသံကိုရအောင် အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းကို ပ စေါက်အက္ခရာ ရွတ်ဆို သကဲ့သို့ အသံမပြင်းစေဘဲ အနည်းငယ်အောက်နှုတ်ခမ်းဖျားကို နောက်သို့မသိမသာ တွန့်ဆုတ်ပြီး ပ ဟုရွတ်ဆိုရမည်။

မ္ဗ - အသံကို ဓ အက္ခရာရွတ်ဆိုသကဲ့သို့ နှုတ်ခမ်းအနေအထား ထားပြီး ဗဲ့ ဟုရွတ်ဆို ရမည်။

**အသံပေါ့ဗျည်း အသံလေးဗျည်း**

မွန်ဗျည်းများသည် သရနှင့်တွဲ၍ အသံထွက်ဆိုရသည်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ဤတွင် မွန်ဗျည်း (၃၅) လုံးတွင် အသံလေးဗျည်း အသံပေါ့ဗျည်းဟု ခွဲခြားထားပြန်သည်။ အသံပေါ့ ဗျည်းများကို ပဌမဗျည်းစုဟူ၍ ခေါ်ဝေါ်ကြသည်။ အသံပေါ့ဗျည်း ပဌမဗျည်းအုပ်စု တွင် (၁၇) လုံးရှိပြီး၊ အသံလေးဗျည်း ဒုတိယဗျည်းအုပ်စုတွင် (၁၈) လုံးပါဝင်သည်။ အသံပေါ့ဗျည်း၊ အသံလေးဗျည်းဆိုသည်မှာ အသံ၏ထွက်ပေါ်လာရာကို အလေးအပေါ့ခွဲခြားခြင်းဖြစ်သည်။ အနည်းငယ်အားစိုက်ပြီး ပြင်းပြင်းရွတ်ဆိုရခြင်းကို အသံလေးဗျည်းဖြစ်သည်။ ပေါ့ပေါ့ပါးပါးပင် ရွတ်ဆိုရခြင်းကို အသံပေါ့ဗျည်းဟုဆိုသည်။ ပိုမို၍ ရှင်းလင်းစေရန် အသံပေါ့ဗျည်းနှင့် အသံလေး ဗျည်းတို့၏ ဇယားကို အောက်တွင် ခွဲခြားကြည့်နိုင်သည်။



www.monlibrary.com

www.monlibrary.com



**အသံပေါ့ဗျည်း (၁၇) လုံး**

| | | | | |
|---|---|---|---|---|
| က | ခ | - | - | - |
| စ | ဆ | - | - | - |
| ဋ | ဌ | ဍ | - | ဏ |
| တ | ထ | - | - | - |
| ပ | ဖ | - | - | - |
| - | - | - | - | သ |
| ဟ | ဠ | ၜ | အ | - |

**အသံလေးဗျည်း (၁၈) လုံး**

| | | | | |
|---|---|---|---|---|
| - | - | ဂ | ဃ | ၚ |
| - | - | ဇ | ၛ | ည |
| - | - | - | ဎ | - |
| - | - | ဒ | ဓ | န |
| - | - | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | - |
| - | - | - | - | ၝ |

အသံလေးဗျည်းများကို စာလုံးအနက်ဖြင့်လည်းကောင်း၊ အသံပေါ့ဗျည်းများကို စာလုံးအပါးဖြင့်လည်းကောင်း ထပ်မံဖော်ပြပါမည်။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | ၚ |
| စ | ဆ | ဇ | ၛ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| ဟ | ဠ | ၜ | အ | ၝ |

အချို့ဗျည်းများသည် သုံးနှုန်းသော စကားလုံးပေါ်တွင် မူတည်၍ အသံပြောင်းလဲသည်လည်းရှိသည်။ ဥပမာ -

'စ' သည် သာမာန်အားဖြင့် ကျ ဟုအသံထွက်သော်လည်း စားသည်ဟူသော အသုံးအနှုန်းကို သုံးသောအခါ တျင့် (အ) ဟုအသံထွက်သည်။ ထိုနည်းတူ 'ရ' ကိုအဆုံးသတ်သော စကားလုံးတွင် သုံးသောအခါ ရဲ့ အသံမထွက်ပဲ ရ သို့ပင် ပြောင်း၏။

www.monlibrary.com



## သင်ခန်းစာ (၁)

| မွန် | အသံထွက် | မြန်မာ |
|---|---|---|
| က | က | ငါး |
| ခ | ခ | ခစားသည်။ |
| စ | ကျှင့် (အ)၊ ကျ | စားသည်၊ စတင်သည်။ |
| ဆ | ချ | (ဤ) မျှသာ |
| နှ | နဲ့ | တောင်း၊ ပလုံး |
| ပ | ပ | ပြုလုပ်သည် |
| ဘ | ဖဲ့ | ခြောက်လှန့်သည် |
| မ | မဲ့ | အဖ၊ မျိုးရိုး |

## သင်ခန်းစာ (၂)

| မွန် | အသံထွက် | မြန်မာ |
|---|---|---|
| ကဝ | ကဝ | လင်းနို့ |
| ခစ | ခကျှင့် | ခစားသည် |
| ခဏ | ခဏ | ခေတ္တ၊ ခဏ |
| ဂတ | ဂွဲ့တ | ရှေ့မှောက် |
| ဂဝ | ဂွဲ့ဝွဲ့ | ရှက်သည် |
| ဒဗ | ဒွဲ့ဗွဲ့ | တွေ့ဆုံသည် |
| ဇလ | ဇလွဲ့ | ဆူး |
| တလ | တလ | အရှင်သခင် |
| ထဝ | ထဝ | မသည် |
| ဒည | ဒွဲ့ညွဲ့ | နှောက်နှေးသည် |
| နှက | နဲ့က | ငါးတောင်း |
| ဗက | ဗွဲ့က | ပေါက်ပေါက် |
| ဗဒ | ဗွဲ့ဒွဲ့ | မှိုထားသည် |



www.monlibrary.com

www.monlibrary.com



| | | |
|---|---|---|
| ဗတ | ဗဲ့တ | အမြီး |
| ဘဝ | ဖဲ့ဝဲ့ | ဘဝ |
| ပသ | ပစ | နံဆော်သည် |
| မသ | မဲ့စ | ဆွေမျိုး |
| လဇ | လဲ့ဂျဲ့ | နှောက်နှေးသည် |

## သင်ခန်းစာ (၃)

| | | |
|---|---|---|
| ခစမ | ခကျင့်မဲ့ | ဖခင်ကိုခစားသည် |
| ဂတန | ဂဲ့တနဲ့ | တောင်းအရှေ့ |
| စဗက | ကျင့်ဗဲ့က | ပေါက်ပေါက်စားသည် |
| ပဌမ | ပဌမ | ပဌမ |
| ဗတက | ဗဲ့တက | ငါးအမြီး |
| ဘပဍ | ဗဲ့ပလ | ခြောက်လှန့်သည် |
| ဘဝက | ဗဲ့ဝဲ့က | ငါးဘဝ |

## သင်ခန်းစာ (၄)

| | | |
|---|---|---|
| ကစဗက | ကကျင့်ဗဲ့က | ငါးပေါက်ပေါက်စားသည် |
| ခစမသ | ခကျင့်မဲ့စ | ဆွေမျိုးကိုခစားသည် |
| ဒဗမသ | ဒဲ့ဗဲ့မဲ့စ | ဆွေမျိုးကိုတွေ့သည် |
| ထဓနက | ထပနဲ့က | ငါးတောင်းကိုမသည် |
| ဘဝဂတ | ဖဲ့ဝဲ့ဂဲ့တ | ရှေးဘဝ |

## လေ့ကျင့်ခန်း

က။ အောက်ပါတို့ကို မှန်လျှင် (✔)၊ မှားလျှင် (✘) ခြစ်ပေးပါ။

၁။ ဗျည်း၏ အစိပ်ပိုင်းမှာ ကိုယ်ပိုင်အသံရှိသည်။ ( )

၂။ မွန်ဗျည်း စုစုပေါင်းမှာ (၃၃) လုံး သာရှိသည်။ ( )

၃။ ဗျည်းတိုင်းတွင် (အ) သရပါဝင်ကြသည်။ ( )

၄။ မြန်မာဗျည်း င ကဲ့သို့ မွန်ဗျည်းကိုလည်း ရေးရသည်။ ( )

၅။ မြန်မာဗျည်း ဈ ကဲ့သို့ မွန်ဗျည်းကိုလည်း ရေးရသည်။ ( )



www.monlibrary.com

www.monlibrary.com



ခ။ အောက်ပါမွန်ဗျည်းတို့ကို ကွက်လပ်တွင် မှန်အောင် ဖြည့်ပေးပါ။

၁။ က ခ ဂ ဃ --- (င၊ ၚ)

၂။ စ ဆ ဇ --- ည (ဈ၊ ၛ)

၃။ ဟ ဠ --- အ --- (ဝ၊ ၝ၊ မှ၊ ၜ)

ဂ။ အောက်ပါကွက်လပ်တွင် မွန်ဗျည်းအသံမှန်အောင် ဖြည့်ပေးပါ။

၁။ က ခ ဂ ဃ ၚ ( ဂဲ့၊ ငဲ့၊ ကါ၊ ခဲ့၊ ခ )

--- --- --- --- ---

၂။ စ ဆ ဇ ၛ ည ( ချဲ့၊ ကျ၊ ဂျဲ့၊ ညဲ့၊ ချ )

--- --- --- --- ---

၃။ ဋ ဌ ဍ ဎ ဏ ( ထဲ့၊ ဌ၊ တဲ့၊ ဏ၊ ဋ )

--- --- --- --- ---

၄။ တ ထ ဒ ဓ န ( ဒဲ့၊ ထ၊ ထဲ့၊ နဲ့၊ တ )

--- --- --- --- ---

၅။ ပ ဖ ဗ ဘ မ ( ဖ၊ ပဲ့၊ ပ၊ ဖဲ့၊ မဲ့ )

--- --- --- --- ---

၆။ ယ ရ လ ဝ သ ( လဲ့၊ ယ၊ ဝဲ့၊ စ၊ ရ )

--- --- --- --- ---

၇။ ဟ ဠ ၜ အ ၝ ( အ၊ ပ၊ ပဲ့၊ ဠ၊ ဟ )

--- --- --- --- ---

ဃ။ အောက်ပါတို့ကို မှန်လျှင် (✔)၊ မှားလျှင် (✘) ခြစ်ပေးပါ။

၁။ ၚ ဗျည်းသည် အသံပေါ့ဗျည်း ( )

၂။ က နှင့် ခ သည် အသံလေးဗျည်း ( )

၃။ ၛ သည် အသံလေးဗျည်း ( )

၄။ ဂ ဃ သည် အသံလေးဗျည်း ( )

www.monlibrary.com



၅။ စ ဆ သည် အသံပေါ့ဗျည်း ( )

၆။ ည ပ သည် အသံလေးဗျည်း ( )

၇။ ဋ ဍ သည် အသံလေးဗျည်း ( )

၈။ ဒ ဓ သည် အသံလေးဗျည်း ( )

၉။ ဎ ဏ တ ထ သည် အသံလေးဗျည်း ( )

၁၀။ တ ထ သည် အသံပေါ့ဗျည်း ( )

၁၁။ ဒ ဓ န သည် အသံလေးဗျည်း ( )

၁၂။ ပ ဖ သည် အသံလေးဗျည်း ( )

၁၃။ ဗ ဘ မ သည် အသံပေါ့ဗျည်း ( )

၁၄။ ယ ရ သည် အသံလေးဗျည်း ( )

၁၅။ သ သည် အသံပေါ့ဗျည်း ( )

၁၆။ လ ဝ သည် အသံပေါ့ဗျည်း ( )

၁၇။ ဟ ဠ သည် အသံပေါ့ဗျည်း ( )

၁၈။ ၜ အ သည် အသံလေးဗျည်း ( )

၁၉။ ၝ သည် အသံလေးဗျည်း ( )

င။ အောက်ပါဝါကျရှိ မွန်စကားလုံးများကို ဆီလျော်အောင် ဖြည့်ပေးပါ။

၁။ ခ --- မ သ

၂။ ဒ ဗ --- သ

၃။ ဘ ဝ --- တ

၄။ ထ --- န ---

၅။ --- စ ဗ ---

□□□□□



www.monlibrary.com

# အခန်း (၃)

❖ ❖ ❖

## ဗျဉ်ပဝင်ကို့သ္ဓိ
## သရနှင့်ဗျည်းတွဲဖက်ခြင်း

အထက်ပါ သင်ခန်းစာများတွင် သရအကြောင်းကိုလည်းကောင်း၊ ဗျည်းအကြောင်းကိုလည်းကောင်း၊ အတော်အတန် တင်ပြထားပြီးဖြစ်၍ အတန်တန် လေ့ကျင့်ထားခြင်းဖြင့် နားလည်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ယခုဆက်၍ ဗျည်းနှင့် သရတို့ကို တွဲဖက်၍ ပေါင်းပြရန်အတွက် သင်ခန်းစာအသစ်တစ်ရပ် ဖြစ်သည်။ အမှန်တကယ်အားဖြင့် ဗျည်းတို့သည် သရအက္ခရာနှင့် ယှဉ်၍ မပြနိုင်ဘဲ သရသင်္ကေတတို့ဖြင့်သာ ဖော်ပြရပါမည်။

ဤသင်ခန်းစာတွင်လည်း မြန်မာဗျည်းသရယှဉ်တွဲမှုကို ဦးစွာရှင်းပြပြီး ၎င်းနှင့်ယှဉ်၍ မွန်ဗျည်းသရ တွဲဖက်မှုအကြောင်းကို ပြဆိုထားခြင်းဖြင့် ပိုမို၍ လွယ်ကူမည်ဟု ယူဆရပါသည်။

မြန်မာသင်ပုန်းကြီး ဗျည်းသရယှဉ်ပြမှုကို အောက်ပါဇယားတွင် ကြည့်နိုင်သည်။

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| သင်္ကေတ | - | -ါ | -ိ | -ီ | -ု | -ူ | ေ- | -ဲ | ေ-ါ | ေ-ါ် | -ံ | -ါး |
| ကဗျည်း | က | ကာ | ကိ | ကီ | ကု | ကူ | ကေ | ကဲ | ကော | ကော် | ကံ | ကါး |
| ခဗျည်း | ခ | ခါ | ခိ | ခီ | ခု | ခူ | ခေ | ခဲ | ခေါ | ခေါ် | ခံ | ခါး |
| စဗျည်း | စ | စာ | စိ | စီ | စု | စူ | စေ | စဲ | စေါ | စေါ် | စံ | စါး |

အထက်မြန်မာသင်ပုန်းကြီး ဗျည်းသရယှဉ်တွဲမှုကို ကြည့်ခြင်းဖြင့် အောက်တွင် မွန်ဗျည်းသရယှဉ်နည်းများကို လွယ်ကူစွာလေ့လာနိုင်သည်။ ဤသို့ မလေ့လာမီ ကြိုတင်၍ သိရှိထားရန်မှာ မွန်သရတို့၏ အသံထွက်များကို ပြီးခဲ့သောသင်ခန်းစာတွင် လေ့လာခဲ့ပြီးဖြစ်၍ ကောင်းမွန်စွာ မှတ်မိကြမည်ဟု ယူဆပါသည်။ ဤတွင် မွန်ဗျည်းနှင့် မွန်သရတို့၏ ယှဉ်တွဲသော အခါ ပိုမို၍ လွယ်ကူသွားမည်။ ဤနေရာတွင် ထပ်မံရှင်းပြရမည်မှာ အထက်ပါသင်ခန်းစာ (၁) တွင် ဖော်ပြထားသော သရသံသည် အသံလေးဗျည်းအတွက် သရသံများဖြစ်သည်။ ပို၍ မှတ်မိစေရန် အောက်ပါဇယားဖြင့် ပြန်ပြထားပါသည်။



www.monlibrary.com

www.monlibrary.com



| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| သင်္ကေတ | - | ါ | ိ | ဳ | ု | ူ | ေ | ဲ | ော | ဴ | ံ | း |
| အသံလေး | အဲ့ | အဲ | အိ | အဳ | အု | အူ | အေ | အွာ | အို | အဲ | အော် | အဲ့ |
| | | | | | | | | | | (ယ) | (မ) | (ဟ) |

အထက်ပါ သရသံဇယားသည် ယခင်က ပြဆိုထားပြီးသားဖြစ်သည်။ ဤနေရာတွင် တချက်မှတ်ထားရန်မှာ ဤသရသံများသည် အသံလေးဗျည်းနှင့် ပေါင်းသောအခါ ထွက်ဆိုရမည့်အသံဖြစ်သည်ဟု မှတ်ဆိုထားရမည်။

ထို့ကြောင့် အောက်ပါဇယားကိုကြည့်ခြင်းဖြင့် သရသံနှင့် အသံလေးဗျည်းတို့၏ ပေါင်းစပ်မှုကို လေ့လာနိုင်သည်။

### သရနှင့် အသံလေးဗျည်း ယှဉ်တွဲမှု

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| သင်္ကေတ | - | ါ | ိ | ဳ | ု | ူ | ေ | ဲ | ော | ဴ | ံ | း |
| အသံထွက် | အဲ့ | အဲ | အိ | အဳ | အု | အူ | အေ | အွာ | အို | အဲ | အော် | အဲ |
| | | | | | | | | | | (ယ) | (မ) | (ဟ) |
| ဂဗျည်း | ဂ | ဂါ | ဂိ | ဂဳ | ဂု | ဂူ | ဂေ | ဂဲ | ဂေါ | ဂဴ | ဂံ | ဂး |
| အသံထွက် | ဂဲ့ | ဂါ | ဂိ | ဂဳ | ဂု | ဂူ | ဂေ | ဂွါ | ဂို | ဂဲ | ဂေါ် | ဂဲ |
| | | | | | | | | | | (ယ) | (မ) | (ဟ) |
| ၚဗျည်း | ၚ | ၚါ | ၚိ | ၚဳ | ၚု | ၚူ | ၚေ | ၚဲ | ၚေါ | ၚဴ | ၚံ | ၚး |
| အသံထွက် | ငဲ့ | ငဲ | ငိ | ငဳ | ငု | ငူ | ငေ | ငွါ | ငို | ငဲ | ငေါ် | ငဲ |
| | | | | | | | | | | (ယ) | (မ) | (ဟ) |
| ညဗျည်း | ည | ညာ | ညိ | ညဳ | ညု | ညူ | ညေ | ညဲ | ညော | ညဴ | ညံ | ညး |
| အသံထွက် | ညဲ့ | ညဲ | ညိ | ညဳ | ညု | ညူ | ညေ | ညွာ | ညို | ညဲ | ညော် | ညဲ |
| | | | | | | | | | | (ယ) | (မ) | (ဟ) |



www.monlibrary.com

www.monlibrary.com



| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နဗျည်း | န | နာ | နိ | နီ | နု | နူ | နေ | နဲ | နော | န် | နံ | နး |
| အသံထွက် | နဲ့ | နဲ | နိ | နီ | နု | နူ | နေ | နွာ | နိ | နဲ | နော် | နဲ |
| | | | | | | | | | | (ယ) | (မ) | (ဟ) |

အထက်ပါ ပေးထားသော အသံလေးဗျည်းနှင့် သရတို့ ပေါင်းစပ်ခြင်းသည် နမူနာမျှသာဖြစ်၍ ကျန်သောအသံလေးဗျည်းများကိုလည်း ဤအတိုင်းဆက်၍ လေ့လာနိုင်သည်။

## ၂။ အသံပေါ့ဗျည်းနှင့်သရတို့ယှဉ်တွဲခြင်း

ယခု သင်္ခန်းစာအသစ်အနေဖြင့် လေ့လာသူများ မှတ်သားရန် အချက်တချက်ကို တင်ပြပါမည်။ ၎င်းတို့မှာ အသံပေါ့ဗျည်းနှင့် သရတို့ ပေါင်းစပ်ရာတွင် ပေါင်းစပ်နိုင်ရန်အတွက် သရသံသည် တမျိုးတမည် ဖြစ်သွားမည်။ ထို့ကြောင့် အသံပေါ့ဗျည်းအတွက် ပေါင်းရန် သရသံတမျိုးကို ဤနေရာတွင် တင်ပြပါမည်။ ထို့ကြောင့် စာရှုသူများသည်ဤနေရာတွင် -

၁။ အသံလေးဗျည်းအတွက် သရသံတမျိုး

၂။ အသံပေါ့ဗျည်းအတွက် သရသံတမျိုး ပေါင်းနှစ်မျိုးရှိမည်။

၁။ အသံလေးဗျည်းအတွက် သရသံနှင့် အသံလေးဗျည်းတို့၏ ယှဉ်တွဲမှုကို အထက်တွင် ရှင်းပြထားပြီး ဖြစ်သည်။

၂။ ယခုအသံပေါ့ဗျည်းအတွက် သရသံတမျိုးကို ယခုမှ အဘယ်ကြောင့် ဖော်ပြရသနည်းဆိုသော် သရသင်္ခန်းစာသည် ဦးဆုံးလာသည်ဖြစ်၍ ထိုသရသံကို ၂ မျိုးရှိသည်ဟု စစချင်း သင်ကြားလျှင် လေ့လာသူများနားရှုပ်၊ မျက်စိရှုပ်ကုန်ကြမည်။ ထို့ကြောင့် မြန်မာ့သင်ပုန်းကြီးသရနှင့် (၅) လုံးမျှ တူညီသော မွန်သရအသံလေးဗျည်းအစုကို သင်ကြားပေးရခြင်း ဖြစ်ပါသည်။

အကယ်၍ အသံပေါ့ဗျည်းအတွက်ရော အသံလေးဗျည်းအတွက်ရော သရအသံနှစ်မျိုးကို တပြိုင်နက်တည်း သင်ကြားပါက စာသင်သားအဖို့ သင်သင်ခြင်း အခက်ခဲနှင့် တွေ့သဖြင့် တွေ့တွေ့ခြင်း ဆောက်နှင့်ထွင်းသည့်ပမာ ဖြစ်သွားမည်။ လွယ်ကူရာမှ စသင်ပြီး

နားလည်မှ တတ်မြောက်ရာသို့ရင်း တတ်မြောက်ခြင်းတွင် လွယ်ရာမှခက်ရာသို့ ဆက်လက် သင်သွားရန် အတွက်ဖြစ်၏။

ထို့ကြောင့် မြန်မာသရနှင့် အသံတူနည်းသော မွန်အသံပေါ့ဗျည်းသရသံကို ယခုမှ တင်ပြခြင်းဖြင့် အခြေခံရပြီးဖြစ်သဖြင့် ယခုသင်ခန်းစာတွင် ပိုမိုလွယ်ကူမည်ဟု ယူဆရပါသည်။

ထို့ပြင် ပိုမိုလွယ်ကူစေရန်အတွက် အသံလေးဗျည်းသရသံနှင့်ယှဉ်ပြီး အသံပေါ့ဗျည်း သရသံကို ယှဉ်ကာ ဦးစွာဖော်ပြထားပါမည်။

**အသံလေးနှင့် အသံပေါ့ဗျည်းတို့၏ သရသံယှဉ်ပြချက်**

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| သင်္ကေတ | - | ါ | ိ | ီ | ု | ူ | ေ | ဲ | ေါ | ် | ံ | း |
| အသံလေး | အဲ့ | အဲ | အိ | အီ | အု | အူ | အေ | အွာ | အို | အဲ | ဢော် | အဲ |
| | | | | | | | | | | (ဟ) | (မ) | (ဟ) |

**အသံပေါ့** အ ၊ အား ၊ အွိုက်(အိ) ၊ အွိုင်း(အီ) ၊ အောက်(အု) ၊ အောင်း(အူ) ၊ အေး ၊ အွား ၊ အောင်(အော်) ၊ အောင်း(အော) ၊ အော်(မ)အား(ဟ) ။

ထိုမှဆက်၍ လေ့လာရန်အတွက် အသံပေါ့ဗျည်းများနှင့် သရသံများကိုဆက်၍ လေ့လာရန် အသံပေါ့ဗျည်းနှင့် သရသံတို့ ယှဉ်တွဲပြချက်ကို အောက်ပါဇယားများတွင် ကြည့်နိုင်သည်။

ဤတွင် မွန်သရနှင့် အသံလေးဗျည်းကိုရင်း၊ မွန်သရနှင့် အသံပေါ့ဗျည်းကိုရင်း ရှင်းပြထားပြီးဖြစ်သည်။ မွန်စာနှင့် စကားကို ဆက်လက်လေ့လာနိုင်ရန်အတွက် ဝေါဟာရများ၊ စကားလုံးများကို ကျက်မှတ်ရပါမည်။ ယခုဤသင်ခန်းစာတွင် သရနှင့် ဗျည်းကို ပေါင်းစပ်သော ဝေါဟာရများကိုသာ ပေးထားပါမည်။ ဝေါဟာရပေးရာ၌လည်း အက္ခရာတစ်လုံးမှနှစ်လုံး၊ ၎င်းမှသုံးလုံး ၎င်းမှ ဝါကျဖွဲ့ဆိုမှုတို့ကို အဆင့်ဆင့် ပြဆိုထားပါသည်။ လေ့လာမှုကို ပိုမို လွယ်ကူ စေရန်အတွက် အက္ခရာစဉ်ဖြင့် ပေးထားပါသည်။ ဆက်လက် လေ့လာကျက်မှတ်ရန် ဖြစ်သည်။



www.monlibrary.com

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| သဏ်ဍာ | - | -ါ | -ိ | -ီ | -ု | -ူ | ေ- | -ဲ | ေ-ါ | -ဴ | -ံ | -း |
| အသံပေါ်သရ | အ | အား | အိုက် | အိုင်း | အောက် | အောင်း | အေး | အွား | အောင် | အောင်း | အော | အား |
| | | | (အိ) | (အီး) | (အု) | (အူး) | | | (အော်) | (အော) | (မ) | (ဟ) |
| ကဗျည်း | က | ကာ | ကိ | ကီ | ကု | ကူ | ကေ | ကဲ | ကော | ကဴ | ကံ | ကး |
| အသံထွက် | က | ကား | ကိုက် | ကိုင်း | ကောက် | ကော် | ကေး | ကွား | ကောင် | ကောင်း | ကော | ကား |
| | | | (ကိ) | (ကီ) | (ကု) | (ကူ) | | | (အော်) | (အော) | (မ) | (ဟ) |
| စဗျည်း | စ | စာ | စိ | စီ | စု | စူ | စေ | စဲ | စော | စဴ | စံ | စး |
| အသံထွက် | ကျ | ကျား | ကျိုက် | ကျိုင်း | စောက် | စောင် | ကျေး | ကျွား | ကျောင် | ကျောင် | ကျော | ကျား |
| | | | | (စု) | (စူ) | | (အော်) | | (အော) | (မ) | | (ဟ) |
| တဗျည်း | တ | တာ | တိ | တီ | တု | တူ | တေ | တဲ | တော | တဴ | တံ | တး |
| အသံထွက် | တ | တား | တိုက် | တိုင် | တောက် | တောင် | တေ | တွား | တောင် | တောင်း | တော | တား |
| | | | | | | | | | (အော်) | (အော) | (မ) | (ဟ) |
| ပဗျည်း | ပ | ပါ | ပိ | ပီ | ပု | ပူ | ပေ | ပဲ | ပေါ | ပဴ | ပံ | ပး |
| အသံထွက် | ပ | ပါး | ပိုက် | ပိုင် | ပေါက် | ပေါင် | ပေး | ပွား | ပေါင် | ပေါင်း | ပေါ | ပါး |
| | | | | (အု) | (အူ) | | | (အော်) | | (အော) | (မ) | (ဟ) |
| ၜ ဗျည်း | ၜ | ၜါ | ၜိ | ၜီ | ၜု | ၜူ | ၜေ | ၜဲ | ၜေါ | ၜဴ | ၜံ | ၜး |
| အသံထွက် | ပ | ပါး | ပိုက် | ပိုင် | ပေါက် | ပေါင် | ပေး | ပွါး | ပေါင် | ပေါင်း | ပေါ | ပါး |
| | | | | | | | | | (အော်) | (အော) | (မ) | (ဟ) |



www.monlibrary.com

www.monlibrary.com



## သင်ခန်းစာ (၁)

| မွန် | အသံထွက် | မြန်မာ |
|---|---|---|
| ကာ | ကား | ရေခရား၊ မော်တော်ကား၊ အရေးကိစ္စ |
| ကု | ကောက် (အု) | ကို၊ အား |
| ကော | ကောင် (အော်) | အစ်ကို |
| ကဵ | ကောင်း (အော) | ပန်း |
| ကံ | ကော (မ) | ကံတရား၊ ကျည်ဆံ |
| ကး | ကား (ဟ) | (ဆံပင်) ရိတ်သည် |
| ခါ | ခါး | ဟင်းနုနွယ် |
| ခဲ | ခွါး | (ထမီ) စွန်တောင်ဆွဲသည် |
| ဂိ | ဂိ | နာသည် |
| ဂု | ဂု | တောင်ယာ၊ (မိုး) ရွာသည် |
| ဂး | ဂဲ (ဟ) | (စကား) ဆိုသည် |
| ဃော | ဂေါ | မှာ၊ ၌၊ တွင်၊ ဝယ် |
| ငို | ငီ | (သန်း) ရှာသည်။ (ထင်း) ရှာသည်။ |
| ငုး | ငဲ (ဟ) | ရှင်းသည် |
| စဲ | ကျွား | သန်းကောင်၊ (နေ) လှန်းသည်၊ တန်ခူး (လ) |
| စဵ | ကျောင်း (အော) | ပြန်သည်၊ မြေး |
| စံ | ကျော (မ) | စမ်းသပ်သည် |
| စး | ကျား (ဟ) | ဆန့်ကျင်သည် |
| ဆိ | ချိ | လှုပ်သည် |

www.monlibrary.com



| မွန် | အသံထွက် | မြန်မာ |
|---|---|---|
| ဆု | ချောက် (အု) | သစ် |
| ဆဲ | ချွား | မြွက် |
| ဇု | ဂျု | အဘိုးလေး |
| ဇူ | ဂျူ | နားသည် |
| ညိ | ညိ | (အဆုံးသတ်စကားလုံး) ပါ၊ နဲ့သည် |
| ညး | ညွဲ့ (ဟ) | (ကိုယ့်ထက်ကြီး) သူ၊ သူ၏ |
| တိ | တွိုက် | မြေကြီး |
| တီ | တွိုင် | ဒိဋ္ဌိ |
| တု | တောင် (အု) | (မီး) လောင်သည် |
| တဲ | တွါး | လက် |
| တံ | တော (မ) | အရင်း၊ အစ |
| ထဲ | ထွား | ထွန်းတုံး |
| ဒိ | ဒိ | (ဒူး) ပေါင်၊ ဒိ (ရေ) |
| ထး | ထ (ဟ) | လင်ပန်း |
| နူ | နူ | (ကျောင်း) မှ |
| နဲ | နွား | နည်းပညာ |
| ပိ | ပွိုက် (အိ) | သုံးခု |
| ပု | ပေါက် (အု) | ပုတ်ပွသည် |
| ပူ | ပေါင်း (အူ) | ချိုးငှက် |
| ဖဲ | ဖွါး | (စါး) ဝသည် |
| ဖံ | ဖေါင်း (အော) | မီးဖို |
| ဗိ | ဗိ | အုတ်ရှစ် |



www.monlibrary.com

www.monlibrary.com



| မွန် | အသံထွက် | မြန်မာ |
|---|---|---|
| ဗု | ပုံ | ဖြူသော |
| ဘာ | ဖဲ | ကျောင်း |
| ဘဲ | ဖွါ | ဘောဥပါဒ် |
| မာ | မဲ | ဝပ်သွားသည် |
| မိ | မိ (အိ) | မိခင် |
| မူ | မူ | ဘာ၊ အဘယ် |
| ယဲ | ယွါး | ဖျားနာသည် |
| ရဲ | ရွှာ | မိတ်ဆွေ၊ (လယ်) သမား |
| ရော | ရား (အာ) | အမေးဝါကျအဆုံးသတ်စကား |
| ရး | ရဲ့ (မ်) | တောနယ်၊ နယ် |
| လော | လို | (အရာဝတ္ထု) လိမ့်သည် |
| လး | လဲ (မ်) | ခင်းသည် |
| ဝါ | ဝဲ | လယ်မြေ ၊ အကြိမ် |
| ဝိ | ဝိ (အိ) | ဖူးရောင်သည် ၊ သဖန်းသီး |
| သာ | စါး | ပေါ့သည် ၊ သာသည် |
| သီ | ဆွိုင် (အီး) | အဒေါ် |
| ဟာ | ဟား | အမေးဝါကျအဆုံးသတ်စကား |
| ဟီ | ဟီး | မျောသွားသည် |
| ၜါ | ပါး | နှစ် (၂) |
| ၜဵ | ပေါ (အမ်း) | ကြီ |
| ၜး | ပ့ါ (ဟ) | ပြောင်းလဲသည် ၊ လဲလှယ်သည် |
| အာ | အား | သွားသည် |
| အဲ | အွား | ကျွန်ုပ် |

www.monlibrary.com



| | | |
|---|---|---|
| အဲ | အောင်း | (ထူးသံ) ခင်ဗျား |
| အး | အား (ဟ) | ရှင်းလင်းသည် |
| မွဲ | ပွား | အစ်မ |

## သင်္ခန်းစာ ၂

| | | |
|---|---|---|
| ကဏ္ဏာ | ကနား | ယူသွားသည် |
| ကလိ | ကလ္ဒိုက် | ရရှိသည်၊ လွန်သည် |
| ကဝိ | ကဝိ | စာရေးသူ |
| ကသု | ကစေါက် | လှော်တက် |
| ကသော | ကစေါင်း | ငါးခြောက် |
| ကာလ | ကာလ | အချိန် |
| ကောယ် | ကောင်းယောင်း (အော) | ယောက်ဖ |
| ကောဇ် | ကောင်းဂှ် (အော) | ကော်ဇော |
| ခပိ | ခပွား | ဖရုံ |
| ခမိ | ခမွား | သံဃာတော် |
| ခရ | ခရဲ | အင်တုံ |
| ခရး | ခရဲ (ဟ) | ဘီး |
| ဂကူ | ဂဲကောင်း | အမျိုး၊ အမျိုးအစား၊ လူမျိုး |
| ဂတာ | ဂှ်ထား | အောက်ခြေ |
| ဂတး | ဂှ်တာ (ဟ) | မိုးကြိုး၊ ပြောင်းပြန် |
| ဂဗး | ဂှ်ဗား (ဟ) | ပါးရိုက်သည် |
| ဂမိ | ဂှ်မွိး | (အိုး) အဖုံး |
| ဂိတု | ဂိတောက် | လ (ရာသီ) |
| ဃောဓူ | ဃောဂျူး | နားနေစဉ် |



www.monlibrary.com

www.monlibrary.com



| မွန် | အသံထွက် | မြန်မာ |
|---|---|---|
| ၚးတး | ငဲ (ဟ) တာ (ယ) | ရှင်းလင်းသည် |
| စုတိ | ကျူးတွိုက် | သေဆုံး |
| စေတဳ | ကျေတွား | စေတီ |
| စးတဲ | ကျ (ယ) တွိုး | လက်ဖမိုး |
| ဆဂး | ချဂွဲ (ဟ) | သို့သော် |
| ဇကု | ဂျဲ့ကောက် | ကိုယ်၊ မိမိ၊ ကိုယ်တိုင် |
